မြန်မာ့အလင်း
၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၂၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၆၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

သတ္တသတ္တာဟစေတီတော် ပရိဝုဏ်အတွင်း ကျင်းပသည့် ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်
နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ရောက်၍ မဟာဗောဓိညောင်ပင်ကို စိုက်ပျိုးပေး

နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဥဒယရံသီကုန်းတော်၌ တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟစေတီတော်ပရိဝုဏ်အတွင်း ကျင်းပသော ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်သို့ တက်ရောက်၍ မဟာဗောဓိညောင်ပင်ကို စိုက်ပျိုးပေးသည်။

မိုးရာသီသစ်ပင်စိုက်ပွဲတော်သို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဗိုလ်ချုပ်ကြီးစိုးဝင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စု ဝန်ကြီးများ၊ လွှတ်တော်ဆိုင်ရာ ကော်မတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ကာကွယ်ရေးဦးစီးချုပ် ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာန ဆိုင်ရာအကြီးအကဲများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဥဒယရံသီကုန်းတော်၌ သတ္တသတ္တာဟစေတီတော် တည်ထားကိုးကွယ်ရန်အတွက် သတ္တသတ္တာဟ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သတ္တသတ္တာဟစေတီတော်ပရိဝုဏ် အဇပါလကုန်းတော်မြေ၌ မဟာဗောဓိညောင်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မုစလိန္ဒာအိုင်အနီး၌ ကျည်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

စေတီတော် တည်ဆောက်ရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ အဆိုပါကုန်းတော်၌ ၁၇-၈-၂၀၁၁ ရက်တွင် အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲအထိမ်းအမှတ် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားနှင့် အနန္တရာယိကမြေသန့် မဟာမင်္ဂလာအခမ်းအနားကိုလည်းကောင်း၊ ၁၉-၈-၂၀၁၁ ရက်တွင် ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်းနှင့် နဂါးစာကျွေးခြင်း မဟာမင်္ဂလာအခမ်းအနား၊ မဟာဗောဓိပင်စိုက်ပျိုးပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ပထမအကြိမ်အလှူတော်ငွေပေးအပ်ခြင်း အခမ်းအနားတို့ကိုလည်းကောင်း၊ ၂၂-၉-၂၀၁၁ ရက်တွင် ရတနာအုတ်မြစ်တော်စီမဟာမင်္ဂလာ အခမ်းအနားကိုလည်းကောင်း၊ ၅-၅-၂၀၁၂ ရက်တွင် သတ္တဌာနမူလဌာပနာတော်သွင်းနှင့် အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနားကိုလည်းကောင်း ကျင်းပခဲ့သည်။

စိုက်ထူပူဇော်

အဆိုပါ မဟာမင်္ဂလာအခမ်းအနားများသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက် ကြည်ညို၍ မဟာဗောဓိပင်ပန္နက်တော်ဌာန၌ ရတနာပန္နက်တော် စိုက်ထူပူဇော်ပြီး မဟာ ဗောဓိပင်ကို စိုက်ပျိုးပူဇော်ပေးခဲ့သည်။

ယနေ့အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တို့သည် သတ္တသတ္တာဟစေတီတော်ပရိဝုဏ် အဇပါလကုန်းတော်မြေ၌ နေရာယူကြပြီး မင်္ဂလာအချိန်နံနက် ၈ နာရီ ၁၀ မိနစ်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သတ်မှတ်နေရာ ၌ မဟာဗောဓိညောင်ပင်ကို စိုက်ပျိုးပေးကာ ရေစင်သွန်းလောင်း၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ

ပေါ်ဦးပေါ်ဖျား ရှမ်းနာနတ်သီး ဈေးကောင်းရ စာ ၃


တရုတ် အာကာသယာဉ် ရှန်ကျိုး-၉ အာကာသ၌ ချိတ်ဆက်မှုများ ထပ်မံပြုလုပ် စာ ၄


စပိန်က ပြင်သစ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူ အကြိုဗိုလ်လုပွဲတွင် ပေါ်တူဂီနှင့်တွေ့မည် စာ ၅

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇွန် ၂၅ ရက်)

တစ်ဦးမေတ္တာ တစ်ဦးမှာ

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားလေးပါးသည် ဤကမ္ဘာကြီး သာယာငြိမ်းချမ်းအောင် စွမ်းဆောင်နိုင်သည့် တရားလေးပါးပေတည်း။ ဤတရားများ ကိန်းအောင်းနေသမျှ ကာလပတ်လုံး လောကကြီးသည် အမှန်ပင် ငြိမ်းချမ်းနေမည်သာဖြစ်ပေသည်။ ထိုတရားလေးပါးအနက် မေတ္တာတည်းဟူသော ချစ်ခြင်းတရားသည် အအေးမြဆုံးပင်ဖြစ်ပေသည်။

ထို့ကြောင့် လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံပြောဆိုရာတွင် မေတ္တာနှင့်ပြောဆိုလျှင် တစ်ဖက်လူကလည်း မေတ္တာဖြင့် တုံ့ပြန်ပြောဆိုလေ့ရှိကြသည်။ တပည့်နှင့်ဆရာ ဆုံတွေ့သည့်အခါဖြစ်စေ၊ သူငယ်ချင်း အချင်းချင်းဆုံတွေ့သည့်အခါ ဖြစ်စေ၊ လုပ်ဖော်ကိုင်ဖက်များ ဆုံတွေ့ကြသည့်အခါဖြစ်စေ တစ်ဦးနှင့် တစ်ဦး မာကြောင်း၊ သာကြောင်း၊ ကျန်းမာကြောင်း စသည်ဖြင့် မေတ္တာကိုအရင်းပြု၍ နှုတ်ဆက်ပြောဆိုပေးကြ၏။

လူအချင်းချင်းဖြစ်စေ၊ အပေါင်းအသင်းမိတ်ဆွေအချင်းချင်းဖြစ်စေ ငွေကြေး၊ ပစ္စည်းစသည်တို့တစ်စုံ တစ်ခုသောအကူအညီများပေးလျှင် တစ်ဖန်ပြန်ပြီး ''ကျေးဇူးတင်ပါတယ်ခင်ဗျား၊ ကျေးဇူးတင်ပါတယ်ရှင်၊ ကျေးဇူးမမေ့ပါဘူး၊ ကျေးဇူးပြန်ဆပ်ပါ့မယ်'' စသည်ဖြင့် ပြောကြားလေ့ရှိသည်။ ကိုယ်ကိုယ်တိုင်က အခြားသူတစ်ဦးအပေါ် မေတ္တာစေတနာထားလျှင် ထိုသူကလည်း ကိုယ့်အပေါ် မေတ္တာစေတနာ တုံ့ပြန်တတ်ကြပေသည်။ တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသော စကားကဲ့သို့ပင်ဖြစ်၏။

ဘုရားရှင်လက်ထက်တော်အခါက ကမ္မဋ္ဌာန်းယောဂီရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းတရားနာယူကြပြီး မြတ်စွာဘုရား၏ ဩဝါဒအတိုင်း ဟိမဝန္တာတောအရပ်ကိုမှီကာ ဂန္ဓမာဒနရခေါ် ရဟန်းတရားကို အားထုတ်ပြီး သီတင်းသုံးနေကြကုန်၏။

ရဟန်းတော်များ၏ သီလတန်ခိုးကြောင့် တောစောင့်နတ်၊ တောင်စောင့်နတ်တို့သည် မိမိတို့နေရာ သစ်ပင်၊ တောတောင်တို့၌ မနေဝံ့ကြသည့်အတွက် ရဟန်းတော်များစိတ်ဆင်းရဲကာ တရားအားမထုတ်တော့ဘဲ တောမှပြန်သွားအောင် ညအခါ ကြောက်မက်ဖွယ်သောအဆင်း၊ အသံတို့ဖြင့် နည်းမျိုးစုံခြောက်လှန့်ကြ၏။ ရဟန်းတော်များလည်း မြတ်စွာဘုရားရှင်သင်ကြားပေးလိုက်သော မေတ္တာသုတ်ပရိတ်တရားတော်ကို ပွားများကြသဖြင့် တောစောင့်နတ်၊ တောင်စောင့်နတ်တို့ကလည်း မေတ္တာစိတ်ဝင်ကာ တစ်ဖန်ချစ်ခင်မြတ်နိုးလာကြပြီး ရဟန်းတော်တို့အား ကူညီစောင့်ရှောက်ပေးကြကုန်၏။ ဤသည်မှာလည်း တစ်ဦးမေတ္တာတစ်ဦး တုံ့ပြန်ကြကုန်သဖြင့် ငြိမ်းချမ်းသာယာခြင်းသို့ ရောက်စေခြင်းဖြစ်၏။

ထို့ကြောင့် ကမ္ဘာလောက၌ အင်အားကြီးမားသောအရာသည် တပ်မက်မှုတည်းဟူသော တဏှာဖြစ်ပြီး အပူပြင်းဆုံးအရာမှာမူ ကိလေသာရာဂဖြစ်၍ အမွှေးဆုံးအရာမှာကား မေတ္တာတရားသာလျှင်ဖြစ်သည်ဟု ဆိုကြလေသည်။ မေတ္တာ၏တန်ခိုးသည် အကြီးဆုံးပင်ဖြစ်၏။ သို့ဖြစ်၍ လူတိုင်းလူတိုင်းသည် မေတ္တာဓာတ်ခံ အားကောင်းရန်လိုအပ်၏။ လူတစ်ဦးချင်းမှအစပြု၍ လူအများစု မေတ္တာဓာတ်များ ပျံ့နှံ့လွှမ်းခြုံသွားလျှင် ဤကမ္ဘာကြီးသည်လည်း ထာဝရအေးချမ်းနေမည်သာဖြစ်ပါသည်။ ။

ပုဇွန်တောင်မြို့နယ်၌ အသေးစားချေးငွေလုပ်ငန်းဆောင်ရွက်

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်သည် ဇွန် ၂၀ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ ဆင်းရဲမှုလျှော့ချရေးစီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပုဇွန်တောင်မြို့နယ် အသေးစားငွေစုငွေချေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်အသေးစား ငွေစုငွေချေးလုပ်ငန်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပုဇွန်တောင်မြို့နယ် အသေးစားငွေစုငွေချေးလုပ်ငန်းကို သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ငွေကျပ်သိန်း ၃၀၀၀ စတင်မတည် ထူထောင်ပေးထားခြင်းဖြစ်ပြီး ယခုအခါ စေတနာရှင်၊ လုပ်ငန်းရှင်များ၏ ထည့်ဝင်ငွေ၊ အတိုးရရှိငွေ အပါအဝင် စုစုပေါင်းငွေကျပ် သိန်း ၄၅၀၀ ခန့်ဖြင့် အစုထည့်ဝင်ငွေများ ထပ်မံလက်ခံခြင်း၊ အတိုးနှုန်းသက်သာစွာဖြင့် ငွေထုတ်ချေးခြင်းတို့ဖြင့် ဆင်းရဲမှုလျှော့ချရေးစီမံချက်ပါ ရည်ရွယ်ချက်များအတိုင်း လုပ်ငန်းလည်ပတ်လျက်ရှိကြောင်း သိရှိရသည်။

(ဥမ္မာသန့်-သတင်းစဉ်)

မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများအန္တရာယ်ဟောပြော

ရန်ကုန် ဇွန် ၂၄

မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှု အန္တရာယ်ဆိုးကျိုးများ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၀ ရက် နံနက် ၈ နာရီက သင်္ဃန်းကျွန်းမြို့နယ် အထက(၁)ကျောင်း သပြေခန်းမဆောင်၌ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သက်ထွန်းက မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးများနှင့်စပ်လျဉ်း၍ အသိပညာပေး ဟောပြောသည်။ **(အောက်ပုံ)** ထို့နောက် သင်္ဃန်းကျွန်းစံပြဆေးရုံကြီးမှ စိတ်ကျန်းမာရေးအထူးကုဆရာဝန်ကြီး ဒေါက်တာနွယ်နီ၊ မြို့နယ်တွဲဖက်တရားသူကြီး ဦးကျော်သောင်းအောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူးဦးကျော်ကျော်စိုးနှင့်ရန်ကုန်အရှေ့ပိုင်းခရိုင် မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မြင့်သိန်းတို့က ကျောင်းသားကျောင်းသူများအား မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှု အန္တရာယ်ဆိုးကျိုးများနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ပရိုဂျက်တာဖြင့်ပြသ၍ ပညာပေးဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ (၀၂၅)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ပုသိမ်၌ စည်းဝေး

ပုသိမ် ဇွန် ၂၄

ဧရာဝတီတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်-၂/၂၀၁၂ ကို ဇွန် ၂၁ ရက်က ပုသိမ်ခရိုင် အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးက တရားမဝင် သုံးဘီးဆိုင်ကယ်/ ထော်လာဂျီယာဉ်များ၊ မော်တော်ယာဉ်များနှင့်ယှဉ်ပြိုင်၍ ခရီးသည်များတင်ဆောင် ပြေးဆွဲခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးဌေးဝင်းက အပြစ်ပေးအရေးယူခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူးဇော်ဝင်း (ယာဉ်ထိန်းတာဝန်ခံ)က ဇန်နဝါရီလမှ မေလအထိ ယာဉ်တိုက်မှု ၃၆၆ မှုအနက် ထိခိုက်ဒဏ်ရာရရှိသူများ ၆၂၈ဦး၊ သေဆုံးသူ ၈၈ ဦးရှိခဲ့ကြောင်းနှင့် စာသင်ကျောင်းများ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်လည်းကောင်း အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (၀၇၇)

စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော ညောင်ရွှေ တီလောရွာမှ အထူးအထွက်တိုးစပါး

ရန်ကုန် ဇွန် ၂၄

နိုင်ငံတော်မှ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အထူးအလေးပေးဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးစရိတ်ချေးငွေများကို ပိုမိုစိုက်ထုတ်ပေးသည့်အတွက် မိုးစပါး စိုက်ပျိုးမှုအဆင်ပြေကြသည့်အပြင် တောင်ပေါ်စပါးစိုက်ခင်းများ ရိတ်သူကရိတ်၍ မိုးစပါး စိုက်သူကစိုက်ဖြင့် သက်ဝင်လှုပ်ရှားလျက်ရှိရာ အဆိုပါဖော်ဆောင်မှုသည် လယ်ယာ စိုက်ပျိုးရေးကဏ္ဍ တိုးတက်လာမှု၏ ပြယုဂ်ပင်ဖြစ်သည်။

ညောင်ရွှေမြို့နယ်ရှိ ပေါရသတ်ရွာနှင့် တီလောရွာတို့သည် ရွှေညောင်-ညောင်ရွှေကားလမ်းအနီးတွင်တည်ရှိပြီး အင်းသားအများဆုံးနေထိုင်ကာ ဒေသနှင့် ကိုက်ညီသည့် စပါးစိုက်ပျိုးရာဒေသဖြစ်သည်။ တီလောရွာကွင်း ဦးပိုင်အမှတ် (၁၃/၁၁၇) တောင်သူ ဦးဝင်းရွှေ စိုက်ပျိုးထားသည့် နွေလျှန်-၂၅၅၀ အထူးအထွက်တိုးစပါးခင်းသည် အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဖေဖော်ဝါရီ ၉ ရက်မှစတင် စိုက်ပျိုးခဲ့ကာ ဇွန်လကုန်တွင်ရိတ်သိမ်းရန် ပြင်ဆင်လျက်ရှိသည်။ သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် စိုက်ပျိုးထားရာ စပါးခင်းမှာ ရွှေဝါရောင်သန်းလုလုရှိနေပြီး အဆိုပါ စပါးခင်းကို အခြားနွေလျှန်စပါးစိုက် တောင်သူများကြည့်ရှု၍တင်းရာကျော်ထွက်မည်ဟု ခန့်မှန်းလျက် အားတက်လျက်ရှိကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၁၆၄)

အရှေ့သားဖွားဆရာမ ရွှေကူမြို့၌ သင်တန်းဖွင့်

ရွှေကူ ဇွန် ၂၄

ကချင်ပြည်နယ် ရွှေကူမြို့၌ အရန်သားဖွားဆရာမ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညိုညိုက အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူရဇော်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်တန်းသူများ လိုက်နာဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို အကျယ်တဝင့် ပြောကြားသည်။

အဆိုပါသင်တန်းကာလမှာ ၁၂ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(ကျန်းမာရေး)

နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက်တွင် ဇွန် ၂၀ ရက်က မိုးပွင့်အဆင့် (၃)နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ရပ်ကွက်ရုံးတွင်ကျင်းပရာ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးရဲထွန်းဦးတို့က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် ရပ်မိရပ်ဖတစ်ဦးအား ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ (၀၄၄)

တွံတေးမြို့နယ်၌ ကျောင်းဝတ်စုံထောက်ပံ့

တွံတေး ဇွန် ၂၄

တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပျံကျဈေးသည်များ၏ သားသမီးများအား ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ပွဲကို အဆိုပါရုံးအစည်းအဝေးခန်းမ၌ ဇွန် ၁၃ ရက်က ကျင်းပရာ အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့ကော်မတီဥက္ကဋ္ဌ အမှုဆောင်အရာရှိ ဦးနေဝင်းက ပျံကျဈေးသည် ၇၆ ဦး၏ သားသမီးများအတွက် ကျောင်းဝတ်စုံ ၁၁၇ စုံကို မိဘများနှင့်ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

အခြေခံပညာ အလယ်တန်းကျောင်းသို့ ကွန်ပျူတာလှူဒါန်း

ရမည်းသင်း ဇွန် ၂၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဘွက်ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းသို့ ဒေသခံတပ်နယ်မှ မိသားစုက ကွန်ပျူတာလှူဒါန်းပွဲအခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာအေးက အမှာစကားပြောကြားပြီး ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်စိုးက ကွန်ပျူတာလှူဒါန်းရခြင်းရည်ရွယ်ချက်ကို ပြောကြားကာ ကျောင်းအုပ်ဆရာမကြီးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထောက်ပံ့ပေး

ဆက်လက်ပြီး ကျောင်းအုပ်ဆရာမကြီးက ချို့တဲ့သောကျောင်းသားကျောင်းသူများအား လွယ်အိတ်၊ စာအုပ်နှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရသည်။ (၄၀၆)

တာဝန်ပေးအပ်

ရန်ကုန်မြောက်ပိုင်းခရိုင် ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဇွန် ၂၂ ရက်က အင်းစိန်မြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေလင်းက ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်လွင်ထံ ပေးအပ်စဉ်။

(ခရိုင် ထွေ/အုပ်)

25-6 (02).pmd 1 6/25/2012, 2:17 AM

တောင်သူလယ်သမားများအတွက် စပါးသီးနှံ အပါအဝင် ဈေးကွက်တွက်ခြေကိုက်သော သီးနှံများ ရွေးချယ်စိုက်ပျိုးနိုင်ရေး ပညာပေးဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခရိုအေးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၂ ခုနှစ် ဇွန် ၂၅ရက်တွင်ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး ဒေါက်တာ ဗက်စ်နာပူစစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

စိုက်ပျိုးသောသီးနှံများ ဈေးနှုန်းတွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာသေချာရန်လို စိုက်ပျိုးသင့်သည့်သီးနှံကို ရွေးချယ်မှုမှန်ကန်မှသာ ဝင်ငွေတိုးတက်ရရှိမည်

နေပြည်တော် ဇွန် ၂၄

ယနေ့နံနက် ၁၀ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တောင်သူလယ်သမားများအတွက် စပါးသီးနှံ အပါအဝင် ဈေးကွက်တွက်ခြေကိုက်သောသီးနှံများ ရွေးချယ်စိုက်ပျိုးနိုင်ရေး ပညာပေးဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဦးခင်ဇော်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ဆန်စပါး အထူးပြုကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မိမိနိုင်ငံ၏ ဈေးကွက်ကိုသာမက နိုင်ငံတကာဈေးကွက်များကိုပါ လေ့လာ၍ အဓိကစပါးသီးနှံကိုသာမက စီးပွားရေးတွက်ခြေကိုက်သော မည်သည့်သီးနှံအမယ်များကို စိုက်သင့်သည်ဆိုသည်ကို သီးနှံပုံစံချမှတ်ရွေးချယ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသင့်သည့်သီးနှံအား ရွေးချယ်မှုမှန်ကန်မှသာ ဝင်ငွေတိုးတက်ရရှိစေမည်ဖြစ်ကြောင်း။

အဓိကအခြေခံအကျဆုံး တောင်သူလယ်သမားများ၏ စိုက်ပျိုးသောသီးနှံများ ဈေးနှုန်းတွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာသေချာရန် လိုအပ်ကြောင်း။

အတွေ့အကြုံရှိကြသော အထူးပြုကုမ္ပဏီများ၊ တောင်သူများ၊ ပညာရှင်ဝန်ထမ်းများ ညှိနှိုင်းပေါင်းစပ် ဆွေးနွေးပြီး ရရှိလာသည့် အချက်အလက်များကို အခြေခံ၍ လာမည့်သီးနှံစိုက်ပျိုးရာသီတွင် မျိုးပြောင်းလဲ စိုက်ပျိုးအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း။

တိုင်းပြည်ဝင်ငွေ တိုးတက်စေရန်အတွက် လယ်ယာစိုက်ပျိုးရေးထွက်ကုန်သီးနှံများ ဈေးကွက်ရရှိရေးအတွက် ဝန်ကြီးဌာနများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပြီး တောင်သူများ ဝင်ငွေတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိရာ တောင်သူလယ်သမား ဗဟိုပြုစနစ်ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံအတွင်း စိုက်ပျိုးသီးနှံအမယ်စုံစိုက်ဧက ၅၃ သန်းခန့်ရှိပြီး လယ်ယာမြေများတွင် စပါးတစ်သီးအား အောင်မြင်အောင်စိုက်၍ ဈေးကွက်တွက်ခြေကိုက်မည့်သီးနှံများ စိုက်ပျိုးနိုင်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ဈေးကွက်စီးပွားရေးမူဝါဒများအရ စိုက်ပျိုးထုတ်လုပ်နိုင်စေရန် အားပေးကူညီကြရမည် ဖြစ်ကြောင်း။

ဆန်စပါးကို ဝမ်းစာဖူလုံရေးနှင့် နိုင်ငံ၏အဓိကစားသုံးသီးနှံဖြစ်၍ ဈေးကွက်ခိုင်မာစွာရရှိရေး အာရုံစိုက်ကာ တွက်ခြေကိုက်အောင် ဈေးကွက်ခိုင်မာမှုရရှိရေး ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဓိက အခြေခံသော့ချက်မှာ မျိုးပြောင်းလဲစိုက်ပျိုးရေးပင်ဖြစ်ပြီး (Hybrid Technology) ဖြင့် အထူးအထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးခဲ့ရာ ယခုအခါ အောင်မြင်မှုများ စတင်ရရှိနေပြီဖြစ်ကြောင်း။

စပါးသီးနှံအပြင် ပဲမျိုးစုံသီးနှံသည်လည်း ဈေးကွက်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ တွက်ခြေကိုက် ဝင်ငွေရမြေပဲသီးနှံများစိုက်ပျိုးထုတ်လုပ်ရေးကိုလည်း တစ်ပြိုင်နက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အတွက် အရင်းအနှီး (Investment)၊ နည်းပညာများ လိုအပ်မည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် အစ၊ အလယ်၊ အဆုံး ရောက်အောင် အကောင်အထည်ဖော်ရန်လည်း လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်များ တိုးတက်ရေးကို အဓိကဆောင်ရွက်နေပြီး ကုန်သွယ်မှုလွယ်ကူမြန်ဆန်ရေးနှင့် ပြည်တွင်းထုတ်လုပ်သူ တောင်သူလယ်သမားများ အကျိုးကျေးဇူးရရှိရေးကို ဆောင်ရွက်ပေးနေကြောင်း၊ စိုက်ပျိုးသူ ဈေးကွက်ရရှိရေးအပြင် စားသုံးသူများ ဈေးနှုန်းချိုသာရေးကိုလည်း ဆောင်ရွက်ပေးနေကြောင်း။

ဆန်များတင်ပို့ရာတွင် အရည်အသွေးကောင်းရန်အတွက် မျိုးကောင်း၊ မျိုးသန့် အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးရန်နှင့် ခေတ်မီဆန်စက်ကြီးများဖြင့် ကြိတ်ခွဲထုတ်လုပ်ရန် လိုအပ်ကြောင်း၊ နိုင်ငံခြားဈေးကွက်တွင် ပေါင်းဆန်များမှာ တစ်တန် ဒေါ်လာ ၄၅၀ မှ ဒေါ်လာ ၅၀၀ အထိ ဈေးရှိ၍ ခေတ်မီပေါင်းဆန်စက်များ တည်ဆောက်သွားရန် အားပေးကူညီမည်ဖြစ်ကြောင်း။

လယ်ယာထွက်ကုန်များ မလိုအပ်သော ကုန်ကျစရိတ်များလျော့ကျစေရန် လယ်ယာသုံးပစ္စည်း၊ စက်ကိရိယာများ၊ ဆန်စက်များ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ တင်သွင်းမှုအပေါ် အခွန်အကောက်များ သက်သာရန်တင်ပြဆောင်ရွက်နေကြောင်း။

မြေပဲနှင့်ပတ်သက်၍ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့မြေပဲဈေး နှစ်ဆတက်လာကြောင်း၊ ယခုလပိုင်းမှစ၍ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံ၏ မြေပဲဝယ်လိုအား မြင့်တက်နေကြောင်း၊ မြေပဲဆန် တစ်တန် ယွမ် ၁၀၉၀၀၊ အမေရိကန်ဒေါ်လာ ၁၇၀၀ခန့် ဈေးရှိနေကြောင်း၊ မြေပဲဆီဝယ်ယူမှု မရှိသေး၍ တန်ဖိုးမြင့်ထုတ်ကုန် (Value added) များအဖြစ် ပြောင်းလဲတင်ပို့နိုင်ရေးနှင့် မြေပဲဆီများထုတ်လုပ် တင်ပို့နိုင်ပါက ပို၍ဝင်ငွေရမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် ဆီစက်လုပ်ငန်းရှင်၊ ပဲနှမ်းကုန်သည်ကြီးများအသင်းတို့အနေဖြင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ပြီး မျိုးကောင်းမျိုးသန့်များကို ရယူစိုက်ပျိုးမှသာ ဈေးကွက်အလားအလာကောင်းများကို ရရှိမည်ဖြစ်ကြောင်း။

မြေပဲအပါအဝင် ဆီထွက်သီးနှံများ၏ ပြည်တွင်းဈေးကွက် အလားအလာများ ပိုမိုကောင်းမွန်လာသည်ကို တွေ့ရသကဲ့သို့ ပြည်ပသို့ တိုးတက်တင်ပို့ရောင်းချနိုင်ရေး အခြေအနေကောင်းများရရှိလာနိုင်သည်ကို သုံးသပ်တွေ့ရှိရ၍ တောင်သူလယ်သမားများအနေဖြင့် ဈေးကွက်တွက်ခြေကိုက်သော သီးနှံများရွေးချယ်ပြီး တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဝင်းအောင်က စပါးအပါအဝင် အထူးအထွက်တိုး သီးနှံမျိုးများ တိုးချဲ့စိုက်ပျိုးရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ပူးပေါင်းပါဝင် ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အထူးပြုကုမ္ပဏီများမှ ဆန် စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးရေးတွင် တောင်သူလယ်သမားများ၏ လိုအပ်ချက်ကို ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဝင်ငွေတွက်ခြေကိုက်သည့် သီးနှံများ စိုက်ပျိုးခြင်းကြောင့် ရရှိလာမည့် အကျိုးအမြတ်များ၊ စိုက်ပျိုးနည်းစနစ်များနှင့် စိုက်ပျိုးနိုင်သည့် သီးနှံပုံစံများအား ဆွေးနွေးရှင်းလင်းသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွဋ်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းလွင်တို့က ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် မျိုးကောင်း၊ မျိုးသန့်စပါးမျိုးများ၊ အစေ့ထုတ်ပြောင်းမျိုးများ၊ မြေပဲမျိုးများ၊ နှမ်းမျိုးများ၊ ပဲတီစိမ်းမျိုးများ၊ မတ်ပဲမျိုးများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အစည်းအဝေး အပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့် အထူးပြုကုမ္ပဏီလုပ်ငန်းရှင်များသည် တောင်သူပညာပေးဧက ၅၀၀ စိုက်ကွင်းအတွင်း ဆည်ရေသောက်စနစ် ဘာစမာတီစပါးစိုက်ကွင်းကြီးများ၊ ဘာစမာတီ မျိုးစေ့ထုတ်လုပ်သည့်စနစ်များ၊ မျိုးသန့်စပါးဂိုဒေါင်များအား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပေါ်ဦးပေါ်ဖျား ရှမ်းနာနတ်သီး ဈေးကောင်းရ

လားရှိုး ဇွန် ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါ၊ ကုန်းသာ၊ မိုင်းရင်၊ မိုင်းရယ်၊ နမ့်ပေါင်ဒေသများမှ နာနတ်သီးများစပေါ်လာပြီဖြစ်သည်။ ထို့ကြောင့် ဈေးကွက်တွင် ယခုရက်ပိုင်းအတွင်း နာနတ်သီးများ စတင်ဝင်ရောက်လာသည်ကို တွေ့ရသည်။ ယခု စတင်ထွက်ရှိသော နာနတ်သီးများမှာ ပေါ်ဦးပေါ်ဖျား နာနတ်သီးများဖြစ်သဖြင့် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများ ဈေးကောင်းရကြကြောင်း နာနတ်စိုက်တောင်သူတစ်ဦးဖြစ်သူ နန်းမြစိန်ထံမှ သိရသည်။

ယင်းဒေသထွက် နာနတ်သီးများ **(အပေါ်ပုံ)**သည် ဝါဆို၊ ဝါခေါင်လတွင် လှိုင်လှိုင်ပေါ်ကြောင်း၊ ယခုအချိန်တွင် နာနတ်ခြံရှင်များအနေဖြင့် နာနတ်သီးအကြီးတစ်လုံး ငွေကျပ် ၁၀၀၀၊ အနည်းငယ်သေးပါက တစ်လုံးငွေကျပ် ၉၀၀ ရကြောင်း၊ ယခင်နှစ်ကထက် ယခုနှစ်ပေါ်ဦးပေါ်ဖျားတွင် ဈေးကောင်းရလိုက်ကြောင်း ထပ်မံသိရှိရသည်။

ရှမ်းပြည်နယ်ကထွက်ရှိသော နာနတ်သီးများသည် မျက်စိများမပါကြောင်း၊ အပေါ်ခွံကို လှီးလိုက်ရုံဖြင့် စားသုံးနိုင်ကြောင်း၊ အရသာပိုချိုပြီး ချဉ်ချိုချိုအသီးများ မရှိသလောက်ဖြစ်ကြောင်း မန္တလေး-လားရှိုး အဝေးပြေးကားလမ်းမပေါ်တွင် နာနတ်သီးအရောင်းဆိုင်ဖွင့်လှစ်ရောင်းချနေသော ဆိုင်ရှင်နန်းငွေဖောင်းက ဖွင့်ဟပြောကြားသည်။ **မမ(လားရှိုး)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေး

နေပြည်တော် ဇွန် ၂၄

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဘိုဝနှင့် ဝန်ထမ်းများ ပုဗ္ဗသီရိမြို့နယ် ပုစွန်ဆိပ်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၂၃ရက်က မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးမှုကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်မှုကို နေပြည်တော်ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းက ပြည်သူများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြီး ကြီးကြပ်ကွပ်ကဲဆောင်ရွက်ပေးကာ နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ဇွန် ၁၇ ရက်က တာမွေမြို့နယ် တာမွေကြီး (ခ)ရပ်ကွက် ပါရမီရောင်းဝယ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ (၂၀၁၁-၂၀၁၂)ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို အမက (၁၉) တာမွေခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးထွန်းရီက လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း ဘဝအမောပြေ

အမြွတ် | **အာကာဟိန်း-ရေးသားသည်**

နယူးယောက်မြို့ စီးပွားရေးကုမ္ပဏီတစ်ခု၌ အလုပ်လုပ်နေသော ဖခင်တစ်ဦးက အိမ်သို့ပြန်ရောက်သည်နှင့် မူလတန်းကျောင်းသားဖြစ်သည့် သားဖြစ်သူအား မေးလေသည်။

ဖခင် ။ ။ သား. . . ကျောင်းမှာစာတွေရရဲ့လား။

သား ။ ။ ဟုတ်ကဲ့။

ဖခင် ။ ။ သင်္ချာတွေကော တွက်တတ်နေပြီလား။

သား ။ ။ ဟုတ်ကဲ့။

ဖခင် ။ ။ ဆရာမတွေက. . . သေသေချာချာသင်ရဲ့လား။

သား ။ ။ ဟုတ်ကဲ့…သင်ပေးပါတယ်။

ဖခင် ။ ။ ဒါဆိုရင်. . . သားကို သင်္ချာနဲ့ပတ်သက်ပြီး အပေါင်း၊ အနုတ် မေးမယ်. . ရမလား။

သား ။ ။ ရပါတယ်…။

ဖခင် ။ ။ အရုပ်တစ်ရုပ်ကို ၉ ဒေါ်လာ ၁၀ ဆင့်နဲ့ဝယ်ပြီး ပြန်ရောင်းတော့ ၁၀ ဒေါ်လာ ၅ ဆင့်ရတယ်ဆိုရင် ဘယ်လောက်မြတ်သလဲ. . .။

သား ။ ။ တစ်ဒေါ်လာမြတ်ပြီး ၅ ဆင့်ရှုံးပါတယ်…။

ဖခင် ။ ။ **“ ဟေ ”**

မြန်မာ့အလင်း

နောက်ဆုံးရ နိုင်ငံတကာသတင်း

နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

တရုတ်အာကာသယာဉ် ရှန်ကျိုး-၉ အာကာသ၌ ချိတ်ဆက်မှုများ ထပ်မံပြုလုပ်

ပေကျင်း ဇွန် ၂၄

တရုတ်နိုင်ငံမှ အာကာသယာဉ်မှူး သုံးဦးလိုက်ပါသွားသည့် ရှန်ကျိုး-၉ အာကာသယာဉ်သည် အာကာသရှိ(တန်ဂွန်-၁)အာကာသစခန်းတစ်ခုနှင့် ဇွန် ၁၈ ရက်က ချိတ်ဆက်ခဲ့ပြီးနောက် ဇွန် ၂၄ရက်၌ နောက်ထပ်အာကာသယာဉ်စခန်း အစိတ်အပိုင်းတစ်ခုနှင့် ထပ်မံချိတ်ဆက်နိုင်ခဲ့ပြီဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

ထိုသို့ ချိတ်ဆက်နိုင်မှုသည် တရုတ်နိုင်ငံက လာမည့် ၂၀၂၀ ခုနှစ်၌ ကိုယ်ပိုင်နိုင်ငံတကာ အာကာသယာဉ်စခန်းသစ် တည်ဆောက်မည့်စီမံကိန်းအတွက် ကြီးမားသော အကြိုအောင်မြင်မှုတစ်ရပ်ပင် ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ယခုချိတ်ဆက်နိုင်မှုသည် တရုတ်အာကာသယာဉ်မှူးများအတွက် လက်တွေ့ကျသော အတွေ့အကြုံကောင်းများရရှိပြီး အဓိကကျသည့်အာကာသယာဉ်စခန်း၏ဆက်စပ်အစိတ်အပိုင်းများကို အာကာသအတွင်း၌ လက်တွေ့ကျကျ အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်သည်။

တရုတ်အာကာသယာဉ် ရှန်ကျိုး-၉ သည် အာကာသသို့ ဇွန် ၁၆ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး အမျိုးသမီးအာကာသယာဉ်မှူးတစ်ဦးအပါအဝင် အာကာသယာဉ်မှူးသုံးဦးလိုက်ပါသွားခဲ့သည်။ ရှန်ကျိုး-၉ အာကာသယာဉ်သည် မြေပြင်စခန်းသို့ မကြာမီပြန်လည်ဆင်းသက်မည်ဖြစ်သည်။ **(အင်တာနက်)**

၄ ရာစုခန့်က ရွှေရည်သုတ်ဖန်ထည်ပစ္စည်းများ ဂျပန်နိုင်ငံ ကျိုတိုမြို့အနီးတွေ့ရှိ

ကျိုတို ဇွန် ၂၄

ဂျပန်နိုင်ငံ ကျိုတိုမြို့အနီး နာဂါအိုကာအရပ်တွင် ရှေးခေတ် ၄ ရာစုခန့်က ဖန်ဖြင့်ပြုလုပ်ထားသော လက်ဝတ်ရတနာပစ္စည်းအချို့ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဂျပန်သုတေသနပညာရှင်များက ဇွန် ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားသည်။ **(ယာပုံ)**

အဆိုပါ ပစ္စည်းများကို နာဂါအိုကာအရပ်ရှိ ရှေးဟောင်းအုတ်ဂူတစ်ခုအတွင်းမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းပစ္စည်းများအနက် အပြင်ဘက်တွင်ရွှေဖုံးအုပ်ထားသော ဖန်ပုတီးစေ့သုံးစေ့ကို လေ့လာသုတေသနပြုခဲ့ရာ ၁ ရာစုနှင့် ၄ ရာစုအကြား ပြုလုပ်ခဲ့သောပစ္စည်းဖြစ်ကြောင်း သိရှိခဲ့သည်။ ၎င်းရွှေရည်သုတ်ဖန်ထည် လက်ဝတ်ရတနာပစ္စည်းများမှာ ရောမအင်ပါယာ ထွန်းကားခဲ့စဉ်က ရောမလက်မှုပညာရှင်များက ပြုလုပ်ခဲ့ကြခြင်းဖြစ်ပြီး ကုန်သွယ်ကူးသန်းရောင်းဝယ်မှုများမှတစ်ဆင့် ဂျပန်နိုင်ငံသို့ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ဖန်ပုတီးစေ့လေးများသည် အချင်း ၀ ဒသမ ၂ လက်မခန့်အရွယ်အစားရှိပြီး အလယ်တွင် အပေါက်တစ်ပေါက်ပါရှိသည်။ဂျပန်နိုင်ငံတွင် တွေ့ရှိရသောရှေးဟောင်းဖန်ထည်ပစ္စည်းများအနက် ရှေးအကျဆုံးပစ္စည်းများဖြစ်ကြောင်း၊ တစ်ချိန်ကရောမအင်ပါယာကြီးထွန်းကားခဲ့သည့် ယခုအီတလီနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် မိုင် ၆၀၀၀ ခန့် ဝေးကွာကြောင်း၊ ရှေးခေတ်ကာလက ကူးလူးဆက်ဆံမှုအခြေအနေများကို ဆက်လက်သုတေသနပြုသွားမည်ဖြစ်ကြောင်း ဂျပန်သုတေသနပညာရှင် တာမူရာက ပြောကြားသည်။ **(ဆင်ဟွာ)**

တောင်အာဖရိကနိုင်ငံ လန်ဆာရီရာလေဆိပ်၌ ချိန်ကိုက်ဗုံးတွေ့ရှိ၊ အမြန်ဖယ်ရှားနိုင်ခဲ့

ဂျိုဟန်နစ္စဘတ် ဇွန် ၂၄

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့ရှိ လန်ဆာရီရာ လေဆိပ် **(ယာပုံ)**တွင် ဇွန် ၂၄ ရက်က ချိန်ကိုက်ဗုံးတစ်လုံး ထောင်ထားသည်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်မီသတင်း ရရှိခဲ့သဖြင့် ဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်း လန်ဆာရီရာ လေဆိပ်အရာရှိများက ပြောကြားသည်။

လေဆိပ်တွင် ချိန်ကိုက်ဗုံးထောင်ထားကြောင်း လေဆိပ်လုံခြုံရေးအရာ ရှိများထံ ဖုန်းဖြင့်သတင်းပေးရရှိခဲ့သဖြင့် လေဆိပ်အတွင်းရှိခရီးသည်များကို ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးခဲ့ပြီး လေဆိပ်နေရာအနှံ့တွင် ဗုံးရှာဖွေမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ချိန်ကိုက်ဗုံးကိုအပြင်ဘက်မှ အဝတ်ဖြင့် စနစ်တကျပတ်ထားပြီး လန်ဆာရီရာလေဆိပ်အတွင်းရှိ ခရီးသည်များ အဝင် အထွက်ပြုလုပ်ရာ ခန်းမဆောင်အတွင်း၌ ထားရှိသည်ကို လုံခြုံရေးအဖွဲ့များက ရှာဖွေတွေ့ရှိခဲ့ကြသည်။ လေယာဉ်များကိုလည်း ပြေးလမ်းအဆုံးဘက်သို့ ပြောင်းရွှေ့စေခဲ့ပြီးနောက် ၎င်းချိန်ကိုက်ဗုံးကို ကျွမ်းကျင်သူများက ဘေးကင်းစွာ ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်။ ယင်းဗုံးထောင်ထားသည်မှာ မည်သည့်အဖွဲ့အစည်း၏ လက်ချက်ဖြစ်သည်ကို သေချာစွာမသိရသေးကြောင်း၊ စုံစမ်းလျက်ရှိကြောင်း လုံခြုံရေးအရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

တူနီးရှားမှ ကူးတို့သင်္ဘောကြီး အီတလီသို့မောင်းနှင်

တူးနစ် ဇွန် ၂၄

တူနီးရှားနိုင်ငံ၏ အကြီးမားဆုံး ကူးတို့သင်္ဘောကြီး တန်နစ်သည် အီတလီနိုင်ငံသို့ ပထမဆုံးခရီးစဉ်အဖြစ် စတင်မောင်းနှင်နေပြီဖြစ်ကြောင်း တူနီးရှားအရာရှိများက ဇွန် ၂၄ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါသင်္ဘောကြီးပေါ်တွင် ခရီးသည်၃၂၀၀နှင့် မော်တော်ကားအစီး ၁၀၆၀တို့တင်ဆောင်လာခြင်းဖြစ်သည်။ တစ်နာရီလျှင် ရေမိုင် ၂၇ ဒသမ ၅ မိုင်နှုန်းဖြင့်မောင်းနှင်လာသော ၎င်းသင်္ဘောကြီးသည် အီတလီနိုင်ငံ မာဆေးလ်မြို့ဆိပ်ကမ်းသို့ ဦးတည်မောင်းနှင်နေခြင်းဖြစ်သည်။ **(ယာပုံ)**

၎င်းသင်္ဘောပေါ်တွင် စားသောက်ဆိုင်များ၊ ဂိမ်းကစားခန်းများ၊ဆေးရုံတစ်ရုံနှင့်ဆွေးနွေးပွဲခန်းမတို့ပါရှိပြီး တောင်ကိုရီးယားသင်္ဘောတည်ဆောက်ရေးကုမ္ပဏီတစ်ခုမှတည်ဆောက်ပေးထားခြင်းဖြစ်သည်။ သင်္ဘောတည်ဆောက်မှု ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂၂၅ သန်းခန့် ကုန်ကျခဲ့သည်။ **(ဆင်ဟွာ)**

ဆီးရီးယားပြည်သူ ၁ ဒသမ ၅သန်း အကူအညီများလိုအပ်

ကုလသမဂ္ဂ ဇွန် ၂၄

ဆီးရီးယားနိုင်ငံ၌ ပြည်သူ ၁ဒသမ ၅ သန်းအထိ လူသားချင်းစာနာထောက်ထားရေးအကူအညီ လိုအပ်နေကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားရေးဌာနခွဲက ကြေညာလိုက်သည်။ ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူက ကုလသမဂ္ဂတွင် သတင်းထောက်များအားပြောကြားသည်။ အစ်လစ်ဒေသတွင် ပြည်သူ ၃၅၀၀၀၀ တို့မှာ အကူအညီများလိုနေကြောင်း၊ ယခုနှစ် မတ်လက အကူအညီလိုအပ်သူ ၁၅၀၀၀၀ ရှိရာမှတိုးလာခြင်းဖြစ်သည်။ ဆီးရီးယားနိုင်ငံအခြားဒေသများတွင် ပြည်သူ ၁ ဒသမ ၃သန်းကျော် လူသားချင်းစာနာထောက်ထားမှု အကူအညီလိုနေကြောင်း ပြောရေးဆိုခွင့်ရှိသူ မာတင်နီဆာကီက ပြောကြားသည်။ ဆီးရီးယားနိုင်ငံမှာ ၂၀၁၁ခုနှစ် မတ်လမှစ၍ ပဋိပက္ခစတင်ဖြစ်နေခဲ့ရာ ယခုအခါ ထိုပြဿနာမှာ ၁၆ လကြာမြင့်ပြီဖြစ်သည်ဆို၏။ (အင်တာနက်)

တာလီဘန်လက်နက်ကိုင် ၁၀ဦး အာဖဂန်အနောက်ပိုင်းတွင် လက်နက်ချ

ဟီရတ် ဇွန် ၂၄

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဟီရတ်ပြည်နယ်တွင် ဇွန် ၂၃ ရက်က တာလီဘန်လက်နက်ကိုင်စုစုပေါင်း ၁၀ ဦး အစိုးရထံ လက်နက်ချခဲ့ကြောင်း ပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **(ဝဲပုံ)**

တာလီဘန်တပ်မှူး မူလာအဇစ်အာမက် အပါအဝင် တာလီဘန် လက်နက်ကိုင် ၁၀ ဦးတို့က ဂူချာရာခရိုင်၌ ဇွန် ၂၃ ရက်တွင် အကြမ်းဖက်မှုကို စွန့်လွှတ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းတွင်လက်တွဲရန် လက်နက်ချခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ မိုဟီးစ်အူရီက ပြောကြားသည်။

၂၀၁၁ခုနှစ် ဇွန်လမှစ၍ လက်နက်ချလာသည့် လက်နက်ကိုင်အရေအတွက်မှာ ၃၇၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

(အင်တာနက်)

နိုင်ငံတကာသတင်းအတိုအထွာ ၂၄-၆-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

တရုတ်ရေငုပ်သင်္ဘော မာရီရာနာချောက်အတွင်း ထပ်မံဆင်းသက်

တရုတ်နိုင်ငံမှ လူလိုက်ပါသည့် ရေငုပ်သင်္ဘောသည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကမ္ဘာ့အနက်ဆုံး မာရီရာနာချောက်အတွင်း မီတာ ၇၀၀၀ အနက်အထိ ရောက်ရှိရန် ကြိုးပမ်းမှုကို ဇွန် ၂၄ ရက် နံနက်က လေးကြိမ်မြောက်အဖြစ် ထပ်မံဆင်းသက်မောင်းနှင်ခဲ့ကြောင်း အင်တာနက် သတင်းတွင် ဖော်ပြသည်။

*အဆိုပါရေငုပ်သင်္ဘောသည် ဇွန် ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီက မိုးသည်းထန်စွာ ရွာနေစဉ်အတွင်း စတင်ဆင်းသက်သွားခဲ့သည်။ ယင်းရေငုပ်သင်္ဘောဆင်းသက်ရာသို့ ကူညီထောက်ပံ့ရေးဆိုင်ရာ သိပ္ပံပညာရှင် ၁၀၀ ခန့်က ကြည့်ရှုခဲ့ကြပြီး တရုတ်နိုင်ငံသားများဖြစ်ကြသည့် ယီကောင်၊ လျူကိုင်ကျို့နှင့် ယန်ဘိုတို့ သုံးဦးက ၎င်းရေငုပ်သင်္ဘောနှင့်အတူလိုက်ပါသွားကြသည်။ **(အောက်ပုံ)***

အဆိုပါရေငုပ်သင်္ဘောသည် ဇွန် ၁၅ ရက်မှ ၂၂ ရက်အတွင်း ယင်းမာရီရာနာချောက်ကို သုံးကြိမ်စမ်းသပ်ဆင်းသက်ခဲ့ရာ ရေအနက် ၆၆၇၁၊ ၆၉၆၅ နှင့် ၆၉၆၃ မီတာများအထိ အောင်မြင်စွာ ရောက်ရှိခဲ့သည်။ ၎င်းရေငုပ်သင်္ဘောသည် ပြီးခဲ့သည့် ဇူလိုင်လက ရေအနက် ၅၁၈၈ မီတာရောက်ရှိခဲ့သည့် စံချိန်ကို ချိုးနိုင်ခဲ့သည်။

တောင်အာဖရိကနိုင်ငံမြောက်ပိုင်းတွင် လေဆင်နှာမောင်းတိုက်ခတ်

တောင်အာဖရိကနိုင်ငံမြောက်ပိုင်းတွင် ဇွန် ၂၃ ရက် ညပိုင်းက လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အနည်းဆုံးဒေသခံနှစ်ဦးသေဆုံးပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် တောင်အာဖရိကရှိ ဖရီးစတိတ် ပြည်နယ် ဗာအယ်လ်ဒေသတွင် အိမ်အချို့ပြိုကျကာ တစ်ဦးသေဆုံးပြီး လူငယ် ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို တောင်အာဖရိက သတင်းထုတ်ပြန်ရေးအဖွဲ့ (အက်ဖ်အေပီအေ)က ကိုးကား ဖော်ပြသည်။ အဆိုပါပြည်နယ်အတွင်းရှိ ဘတ်သ်လီဟန်မြို့အပြင်ဘက်ရှိ စိုက်ပျိုးမွေးမြူရေး ခြံတစ်ခြံတွင် တဲလေးလုံးပြိုကျမှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံးပြီး အခြား ၂၇ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါသတင်းအဖွဲ့၏ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကမ်းလွန်၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားမြောက်ပိုင်း အနောက်ဘက်ကမ်းလွန်ဒေသတွင် ဇွန် ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီ ၂၇ မိနစ်က ရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခုလှုပ်သွားကြောင်း အမေရိကန်မြေငလျင်တိုင်းတာရေးဌာနက သတင်းထုတ်ပြန်သည်။ အဆိုပါငလျင်သည် မြေအောက် ၉ ဒသမ ၇ ကီလိုမီတာအနက်၌ ဗဟိုပြုလှုပ်ခတ်သွားခြင်းဖြစ်ကြောင်း အဆိုပါသတင်းဌာနက ထုတ်ပြန်ခဲ့သည်။ (ဆင်ဟွာ)

နိုင်ငံတကာအားကစားသတင်း

မောင်မောင်မြင့်ဆွေ – စုစည်းသည်

အေတီပီ၊ ဒဗလျူတီအေ ချန်ပီယံတင်းနစ် ဗိုလ်လုပွဲ တင်းနစ်မယ် ပက်စ်ဇက် ဖလားဆွတ်ခူး

လန်ဒန် ဇွန် ၂၄

အင်္ဂလန်နိုင်ငံ အီစ်ဘွန်းမြို့တွင် ကျင်းပသည့် အေတီပီ၊ ဒဗလျူတီအေ တင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲ၏နောက်ဆုံးဗိုလ်လုပွဲကို ဇွန် ၂၄ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ တာမီရာပက်စ်ဇက်က အနိုင်ရဗိုလ်စွဲကာ ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။ **(ယာပုံ)**

ဩစတြီးယားတင်းနစ်မယ် ပက်စ်ဇက်သည် ပြိုင်ဘက်ကမ္ဘာ့အဆင့်ရှစ်ရှိသည့် ဂျာမနီတင်းနစ်မယ် ခါဘာအား ၅-၇၊ ၆-၃၊ ၇-၅ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပွဲ၌ ဂျာမနီတင်းနစ်မယ် ခါဘာသည် ဝဲဘက်ခြေထောက်ဒဏ်ရာရရှိခဲ့သဖြင့် အင်အားပြည့်မကစားနိုင်ဘဲဖြစ်ခဲ့သည်။ ထို့အတူ ဩစတြီးယားတင်းနစ်မယ် ပက်စ်ဇက်သည်လည်း ညာဘက်ခြေချင်းဝတ်နာကျင်မှုဖြစ်ခဲ့သော်လည်း နိုင်ပွဲရအောင် ယှဉ်ပြိုင်နိုင်ခဲ့သည်။

နိုင်ပွဲရရှိ

ထို့ကြောင့် ယခုပွဲသည် အသက် ၂၁ နှစ်အရွယ်ရှိ တင်းနစ်မယ်ပက်စ်ဇက်အတွက် ထူးခြားသောနိုင်ပွဲပင်ဖြစ်သည်။ တစ်ဖန်အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲအဖြစ် အင်ဒီရော့ဒစ်နှင့်အင်ဒရက်ဆက်ပီတို့ ယှဉ်ပြိုင်ကစားရာ အင်ဒီရော့ဒစ်က ၆-၃၊ ၆-၂ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ လက်ရှိချန်ပီယံအင်ဒရက်ဆက်ပီသည် ဆုဖလားကို မကာကွယ်နိုင်ဘဲ အင်ဒီရော့ဒစ်က လက်ရည်အသာဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဘီအမ်ဒဗလျူနိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲ ဂေါက်သီးရိုက်သမား ဝီလ်လက် ဦးဆောင်နေ

ဘာလင် ဇွန် ၂၄

ဂျာမနီနိုင်ငံ ကိုလုန်းမြို့တွင်ကျင်းပလျက်ရှိသော ဘီအမ်ဒဗလျူ နိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၂၄ ရက်က ဆက်လက်ကျင်းပရာ အင်္ဂလန်ဂေါက်သီးရိုက်သမား ဝီလ်လက်က သုံးရက်ပေါင်း ရိုက်ချက် ၂၀၄ချက်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ **(ဝဲပုံ)** ဒန်နီဝီလ်လက်သည် ပထမနေ့ ရိုက်ချက် ၆၅ချက်၊ ဒုတိယနေ့ ရိုက်ချက် ၇၀ နှင့် တတိယမြောက်နေ့၌ ရိုက်ချက် ၆၉ချက် ရိုက်ပြီး စုစုပေါင်း ၂၀၄ ချက်ဖြင့် ဦးဆောင်နေခြင်းဖြစ်သည်။ ဆွီဒင်ဂေါက်သီးရိုက်သမား ဂျိုးလ်ဂျိုဟိုနှင့် ခရစ်ဝုဒ်တို့က သုံးရက်ပေါင်း ရိုက်ချက် ၂၀၅ချက်ဖြင့် ဒုတိယနေရာမှ ဖိအားပေးလျက်ရှိသည်။

ထို့အတူ ဩစတြေးလျဂေါက်သီးရိုက်သမား ဖရာဆာက ပထမနေ့ရိုက်ချက် ၆၄ချက်၊ ဒုတိယနေ့ ရိုက်ချက် ၇၄ချက်၊ တတိယနေ့ရိုက်ချက် ၆၈ချက်ဖြင့် သုံးရက်ပေါင်း ၂၀၆ချက်နှင့် တောင်အာဖရိကမှ ဟော်နေကလည်း သုံးရက်ပေါင်းရိုက်ချက် ၂၀၆ ချက်ဖြင့် တတိယနေရာ၌ပူးတွဲရှိနေသည်။ တစ်ဖန် ပါရာဂွေး ဂေါက်သီးသမား ဇာနေ့ဇတီနှင့် ဂျာမနီဂေါက်သီး ရိုက်သမား မာဆယ်စိန်းကတို့က ၂၀၇ ချက်ဖြင့် စတုတ္ထနေရာ၌ရပ်တည်နေသည်။ ထို့အပြင် စတိဗ်ဝက်စတားက ပထမနေ့ရိုက်ချက် ၆၉ ချက်၊ ဒုတိယနေ့ ရိုက်ချက် ၇၀နှင့် တတိယနေ့ ရိုက်ချက် ၆၉ချက်ဖြင့် သုံးရက်ပေါင်း ၂၀၈ချက်နှင့်အင်ဒရူးမာရှယ်က ပထမနေ့ ရိုက်ချက် ၇၁ချက်၊ ဒုတိယနေ့ရိုက်ချက် ၆၇ချက်နှင့် တတိယနေ့ရိုက်ချက် ၇၀တို့ဖြင့် သုံးရက်ပေါင်း ရိုက်ချက် ၂၀၈ ချက်ဖြင့် ပဉ္စမနေရာ၌ ပူးတွဲရပ်တည်နေသည်။ **(အင်တာနက်)**

ကင်ညာအိုလံပစ် ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသားမီတာ ၈၀၀၌ ဒေးဗစ်ရူဒီရှာဗိုလ်စွဲ

နိုင်ရိုဘီ ဇွန် ၂၄

လန်ဒန်အိုလံပစ်အားကစား ပြိုင်ပွဲအကြို ကင်ညာအိုလံပစ်ပြေးခုန်ပစ်ပြိုင်ပွဲကို ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ ညာရိုအမျိုးသားအားကစားရုံ၌ ဇွန် ၂၄ ရက်က ကျင်းပရာ အမျိုးသားမီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ဒေးဗစ်ရူဒီရှာက ၁ မိနစ် ၄၂ ဒသမ ၁၂စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သည်။ ***(ယာပုံ)***

တစ်ဖန် ကင်ညာအပြေးသမား ကီတမ်က ၁ မိနစ် ၄၃ ဒသမ ၉၄ စက္ကန့်ဖြင့် ဒုတိယရရှိပြီး အင်သိုနီချီမက်က ၁ မိနစ် ၄၃ ဒသမ ၉၆စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ ၎င်းတို့သုံးဦးသည် လန်ဒန်အိုလံပစ်ပြိုင်ပွဲသို့ သွားရောက်ဆင်နွှဲရမည်ဖြစ်သည်။

တစ်ဖန် အမျိုးသားမီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ကီပလာဂတ်စ်က ၃ မိနစ် ၃၇ ဒသမ ၆၀ စက္ကန့်ဖြင့် ပထမရရှိပြီး ချက်စီဘာက ၃ မိနစ် ၃၈ ဒသမ ၃၀ စက္ကန့်ဖြင့်ဒုတိယရရှိခဲ့သည်။ အက်ဘီကီပရော့က ၃ မိနစ် ၃၈ ဒသမ ၃၀ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။

အမျိုးသမီးမီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ဂျီလီမိုက ၁ မိနစ် ၅၈ ဒသမ ၄၈ စက္ကန့်ဖြင့် ပထမရရှိပြီး ချီဘက်က ၂ မိနစ် ၀ ဒသမ ၃၃ စက္ကန့်ဖြင့် ဒုတိယရရှိကာ ဂျက်ကိုဂီက ၂ မိနစ် ၀ ဒသမ ၂၇ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ ဆက်လက်ပြီး အမျိုးသမီးမီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် အိုဘီရီက ၄ မိနစ် ၀၆ ဒသမ ၁၀ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သည်။ အင်နစ်ဆမ်က ၄ မိနစ် ၀၇ ဒသမ ၁၉ စက္ကန့်ဖြင့် ဒုတိယရရှိကာ ချီဂီတက်က ၄ မိနစ် ၀၈ ဒသမ ၅၃ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ အမျိုးသမီးမီတာ ၅၀၀၀ ပြိုင်ပွဲတွင် နေရိုင်လုစ်က ၁၆ မိနစ် ၀၈ ဒသမ ၀၈စက္ကန့်ဖြင့် ဗိုလ်စွဲပြီး ကီယီဂိုက ၁၆ မိနစ် ၀၉ ဒသမ ၂၉ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့သည်။ ကင်ညာအပြေးမယ် ကီဘီဝတ်က ၁၆ မိနစ် ၀၉ ဒသမ ၄၅စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ အမျိုးသမီးမီတာ ၃၀၀၀ အပြေးပြိုင်ပွဲတွင် လန်ဒန်အိုလံပစ်၌ ဗိုလ်စွဲမည်ဟု ရေပန်းစားနေသော ကင်ညာအပြေးမယ်ချီမိုစ်က ၉ မိနစ် ၃၂ ဒသမ ၇၅ စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။ သူမသည် ယခင်စံချိန် ၉မိနစ်ရရှိရန် လေ့ကျင့်ရဦးမည်ဖြစ်သည်။ ဒုတိယပန်းဝင်လာသူမှာ မာစီအင်ဂျိုရော့ဖြစ်ပြီး ၉ မိနစ် ၃၃ ဒသမ ၃၂ စက္ကန့်ဖြင့် ပြေးနိုင်ခဲ့ခြင်းဖြစ်သည်။ အပြေးမယ် လိုင်ဒီရာရိုတက်မှာ ၉ မိနစ် ၄၀ ဒသမ ၁၁ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ ***(အင်တာနက်)***

နိုင်ငံတကာအားကစားမြင်ကွင်း

မြင့်မောင်စိုး – စုစည်းသည်

ဘာမင်ဂမ်ပြေးခုန်ပစ်ပြိုင်ပွဲ ချန်းဘားစ် မီတာ ၁၀၀တွင် ဗိုလ်စွဲ



ဘာမင်ဂမ် ဇွန် ၂၄

ဗြိတိသျှအပြေးချန်ပီယံဒရိန်းချန်းဘားစ်သည် ဇွန် ၂၃ ရက်က ဘာမင်ဂမ်မြို့၌ ကျင်းပသော အေဗီဗာ ၂၀၁၂ ပြေးခုန်ပစ်အားကစားပွဲအမျိုးသားမီတာ ၁၀၀ ပြေးပွဲတွင် ပန်းဝင်ဗိုလ်စွဲသွားခဲ့သည်။

အပြေးချန်ပီယံချန်းဘားစ် **(ယာပုံ)**သည် အဆိုပါ မီတာ ၁၀၀ပြေးပွဲတွင် စံချိန် ၁၀ ဒသမ ၂၅ စက္ကန့်ဖြင့် ပန်းဝင်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ဂျိမီလီက ဒုတိယရခဲ့သည်။ ယင်းတို့နှစ်ဦး၏ လာမည့် သီတင်းပတ် ဟယ်ဆင်ကီမြို့၌ ကျင်းပမည့် ဥရောပချန်ပီယံ ပြေးခုန်ပစ်အားကစား ယှဉ်ပြိုင်ရန် စီစဉ်လျက်ရှိသည်။

ချယ်လ်ဆီးဘောလုံးသမားဟောင်း ဂျိမီလီသည် လာမည့်လတွင် ဘာစီလိုနာ၌ ကျင်းပမည့် ကမ္ဘာ့ဂျူနီယာ ချန်ပီယံပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည်။ ချန်းဘားစ်သည် လာမည့်ဇူလိုင် ၁ ရက်တွင် ဟယ်ဆင်ကီမြို့၌ကျင်းပမည့် ဥရောပချန်ပီယံပြေးခုန်ပစ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဘာမင်ဂမ်၌ ကျင်းပသော ယခုမီတာ ၁၀၀ ပြိုင်ပွဲသည် ယင်းတို့ပြိုင်ပွဲအတွက် အကြိုစမ်းသပ်ပြိုင်ပွဲဝင်မှုဖြစ်သည်။ ဒရိန်းချန်ဘားစ်နှင့်ဂျိရီမီလီတို့နှစ်ဦးစလုံး လာမည့်ပြိုင်ပွဲများအတွက် လက်ရှိစံချိန်ထက် ပိုမြန်သည့် စံချိန်များ ရရှိအောင် ကြိုးစားလျက်ရှိကြသည်။ ဒရိန်းချန်းဘားစ်သည် လာမည့် လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲတွင်လည်း ချန်ပီယံဆုများဆွတ်ခူးရန် မျှော်လင့်ထားသည်။ လက်ရှိအခြေအနေအရ မီတာ ၁၀၀တွင် ချန်းဘားစ်သည် ကမ္ဘာ့အကောင်းဆုံးစံချိန်ရရှိရန် ဆက်လက်ကြိုးစားလျက်ရှိသည်။ **(အင်တာနက်)**

ကမ္ဘာကျော်တင်းနစ်မယ် ရှာရာပိုဗာ ကမ္ဘာ့နံပါတ်တစ်နေရာ ပြန်လည်ရရှိ

လန်ဒန် ဇွန် ၂၄

ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာသည် ပြင်သစ်အိုးပင်းတင်းနစ်တွင် ဖလားဆွတ်ခူးခဲ့ပြီးနောက် ကမ္ဘာ့နံပါတ်တစ်တင်းနစ်အားကစားမယ်အဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်။ သူမသည် ၂၀၀၈ ခုနှစ်ပြီးနောက် ပထမဆုံးအကြိမ် ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ်ဖြစ်လာခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အိုးပင်းဆုဖလားဆွတ်ခူးပြီးလျှင် ဝင်ဘယ်ဒန်ဖလားပါ ထပ်မံဆွတ်ခူးနိုင်ခဲ့ပါက အမျိုးသမီးတင်းနစ်လောကတွင် အအောင်မြင်ဆုံးဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ် မာရီယာရှာရာပိုဗာက ဝင်ဘယ်ဒန်ဖလား ပြိုင်ပွဲမတိုင်မီ သတင်းထောက်များအား ပြောကြားလိုက်သည်။ တင်းနစ်လောကတွင် ကြီးလေးကြီးပြိုင်ပွဲလေးခုအနက် တစ်ခုဖြစ်သည့် ဝင်ဘယ်ဒန်ဖလားပြိုင်ပွဲကြီးကို ဇွန် ၂၅ ရက်မှ ဇူလိုင် ၈ ရက်အထိ လန်ဒန်မြို့ အောအင်္ဂလန်ကလပ်၌ ကျင်းပသွားမည်ဖြစ်သည်။ ရှာရာပိုဗာသည် ၂၀၀၂ ခုနှစ်က ဆီရီနာဝီလျံပြီးနောက် တစ်နှစ်အတွင်း အဓိကဖလားကြီး နှစ်လုံး ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးအမျိုးသမီးတင်းနစ်မယ်ဖြစ်လာရန် မျှော်လင့်ထားသည်။ ***(ဝဲပုံ)***

"ဂရင်းဆလမ်ဖလားကြီးနှစ်လုံးကို ဆက်တိုက်ဆွတ်ခူးနိုင်မယ်ဆိုရင် တင်းနစ်လောကမှာအတော်ဆုံးဖြစ်လာလိမ့်မယ်လို့ ထင်ပါတယ်"ဟု အသက် ၂၅ နှစ်အရွယ်ရှိ ရှာရာပိုဗာက ပြောကြားသည်။

ရှာရာပိုဗာသည် ပြီးခဲ့သည့်နှစ်က ဝင်ဘယ်ဒန်ဖလားပြိုင်ပွဲတွင် ချက်တင်းနစ်မယ် ပီထရာဗစ်တိုဗာအား ရှုံးနိမ့်ပြီး ဒုတိယဖြင့်ကျေနပ်ခဲ့ရသည်။ ရှာရာပိုဗာသည် ယခုအထိဂရင်းဆလမ်ဖလားလေးလုံး ဆွတ်ခူးထားပြီဖြစ်သည်။ ယင်းတို့မှာ ဝင်ဘယ်ဒန်ဖလား(၂၀၀၄)၊ ယူအက်စ်အိုးပင်း(၂၀၀၆)၊ ဩစတြေးလျအိုးပင်း (၂၀၀၈) နှင့် ပြင်သစ်အိုးပင်း (၂၀၁၂)တို့ဖြစ်သည်။ ***(အင်တာနက်)***

စပိန်ကပြင်သစ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူ အကြိုဗိုလ်လုပွဲတွင် ပေါ်တူဂီနှင့်တွေ့မည်

ဝါဆော ဇွန် ၂၄

ယူရို၂၀၁၂ ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ပိုလန်နိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့၌ ဆက်လက်ကျင်းပလျက်ရှိသည်။ ဇွန် ၂၄ ရက် နံနက်ပိုင်းက စပိန်အသင်းနှင့် ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားပြီဖြစ်သည်။

စပိန်အသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးစလုံးကို ဇာဗီအလွန်ဆိုက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အလွန်ဆိုသည် သူ့နိုင်ငံအတွက် ပွဲပေါင်း ၁၀၀မြောက်အဖြစ် ပါဝင်ကစားခဲ့ခြင်းဖြစ်သည်။ ၎င်းသည်ပွဲစပြီး မိနစ် ၂၀ အကြာ ဂျော်ဒီအလယ်လ်ဘား၏ ဖြတ်တင်ဘောမှတစ်ဆင့် ခေါင်းတိုက်ဂိုး စတင်သွင်းယူပေးခဲ့သည်။

ပြင်သစ်အသင်းသည် စပိန်အသင်းကို ခက်ခဲစွာကစားခဲ့ရသည်။ ပြင်သစ်နောက်တန်း ကစားသမား ရစ်ဘာရီသွင်းယူသောဘောလုံးမှာ ဂိုးဘားတန်းပေါ်ကျော်တက်သွားသဖြင့် ပြင်သစ်တို့တစ်ဂိုးနစ်နာခဲ့ရသည်။ စပိန်တို့ဂိုးထပ်မံရရှိရေး ပြင်သစ်နောက်တန်းကို ဆက်လက်ထိုးဖောက်ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန်မိနစ် ၉၀ တွင် ပယ်နယ်တီဘောရရှိခဲ့ပြီး အလွန်ဆိုကပင် ဂိုးထပ်မံသွင်းယူခဲ့သဖြင့် စပိန်က နှစ်ဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။

အနိုင်ရရှိ

စပိန်အသင်းသည် ယူရို ၂၀၀၈ နှင့် ၂၀၁၀ကမ္ဘာ့ဖလားပွဲများပြီးနောက် ပထမဆုံး ပြင်သစ်အသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ စပိန်အသင်းသည် လက်ရှိဥရောပချန်ပီယံဖြစ်သလို ကမ္ဘာ့ဖလားပြိုင်ပွဲများ၏ ချန်ပီယံလည်းဖြစ်၏။ စပိန်တို့ယင်းပွဲအနိုင်ရရှိလိုက်သဖြင့် အကြိုဗိုလ်လုပွဲတွင် ပေါ်တူဂီအသင်းနှင့် လာမည့်ဇွန် ၂၇ ရက်၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ **(အင်တာနက်)**

ပြင်သစ်အသင်းကိုနိုင်ပြီး အောင်ပွဲခံနေသော စပိန်အသင်းကစားဖော်များ ဤသို့ အောင်ပွဲခံခဲ့ကြသည်။

အင်ဂျင်နီယာများ တာဝန်ကျရာဒေသများတွင် လုပ်ငန်းများတိုးတက်အောင်မြင်အောင်ဆောင်ရွက် ရန်ပုံငွေသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျ စိစစ်သုံးစွဲ

နေပြည်တော် ဇွန် ၂၄

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၂၃ ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ရှောင်လမ်း လျှာထားနေရာအမှတ်(၁)နှင့် လျှာထားနေရာအမှတ်(၂) တို့ကို ကြည့်ရှုစစ်ဆေးပြီး ပဲခူးတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမဆောင်၌ အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အင်ဂျင်နီယာများအနေဖြင့် မိမိတို့တာဝန်ကျရာ နေရာဒေသများတွင် လုပ်ငန်းများ တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားရန်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲအလိုက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ခွဲဝေပေးထားသည့် စက်ယာဉ်ယန္တရားများကိုလည်း စနစ်တကျအသုံးပြုရန်၊ အင်ဂျင်နီယာပညာရပ်ကို တတ်ကျွမ်းသော်လည်း စက်ယာဉ်ယန္တရားများ မကောင်းလျှင် လုပ်ငန်းဆောင်ရွက်၍မရသဖြင့် စက်ယာဉ်ယန္တရား အပေါင်းအပျက်များ နေရာတွင် အသစ်များဖြင့် လဲလှယ်အသုံးပြုနိုင်ရေး အလေးထားဆောင်ရွက်ကြရန်၊ ရန်ပုံငွေသုံးစွဲရာတွင်လည်း ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျ စိစစ်သုံးစွဲရန်ဖြစ်ပြီး ဝန်ထမ်းများအနေဖြင့်လည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျနေထိုင်သွားရန်တို့ကို မှာကြားသည်။

အကောင်အထည်ဖော်

ဆက်လက်၍ ၁၁မိုင် အရှည်ရှိ ပဲခူးမြို့ရှောင်လမ်း ဖောက်လုပ်မည့် ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ပဲခူးမြို့ရှောင်လမ်းအား လမ်းအူကြောင်းရှင်းလင်းမှု၊ လမ်းဒီဇိုင်းပုံစံထုတ်မှုနှင့် ပဲခူးမြစ်ဖြတ်တံတားတည်ဆောက်မှု စသည့်လုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးမည်ဖြစ်ပြီး လမ်းပိုင်း၏ တစ်ဝက်စီအား လက်ရှိ B.O.T စနစ်ဖြင့် လမ်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော Max Myanmar ကုမ္ပဏီနှင့် ရွေ့သံလွင်ကုမ္ပဏီတို့က မူလလမ်းကြောင်းအပေါင်းကိုမူတည်၍ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် Max Myanmar ကုမ္ပဏီက B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ရန်ကုန်-ပဲခူးလမ်းအပိုင်းပေါ်ရှိ လမ်းအသုံးပြုခကောက်ခံရေးဂိတ်(ပဲခူး)သို့ ရောက်ရှိပြီး လမ်းများရေရှည်တည်တံ့ခိုင်မြဲစေရေး၊ လမ်းပျက်စီးမှုလျော့နည်းစေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရန်အတွက် ကုန်တင်ယာဉ်ကြီးများ သတ်မှတ်ထားသည့် ကုန်တန်ချိန်အတိုင်း တင်ဆောင်သွားလာစေရေးစသည်တို့ကို စစ်ဆေးကြပ်မတ်ကြရန်၊ တန်ပိုယာဉ်များ ဖြတ်သန်းမှုမရှိစေရေး အလေးထားဆောင်ရွက်သွားကြရန်တို့ကို မှာကြားပြီး ကတ္တားဖြင့် စနစ်တကျ ချိန်တွယ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ပဲခူးမြို့ရှောင်လမ်း လျှာထားနေရာအမှတ်(၂) ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံဆေးတပ်ရင်းမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ ရခိုင်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၄

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များနှင့် စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်းမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ရခိုင်ပြည်နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေသူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင်လည်း စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်းမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် စစ်တွေမြို့ ဦးရဲကျော်သူကျောင်းတိုက်နှင့် ဆင်ကူးလမ်းကျောင်းတိုက်တို့၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများသို့ရောက်ရှိနေသည့် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များအား ဆေးကုသပေးပြီး ကယ်ဆယ်ရေးစခန်းအတွင်း ခြင်ဆေးဖျန်းပေးခြင်း၊ သောက်ရေကန်များတွင် ကလိုရင်းဆေးခတ်ပေးခြင်းများကို ပြုလုပ်ပေးကြသည်။

၎င်းအပြင် ကယ်ဆယ်ရေးစခန်းရောက်ရှိနေသူများ စိတ်အပန်းဖြေ ကြည့်ရှုနိုင်ရန် ရုပ်မြင်သံကြားအစီအစဉ်များ၊ ဇာတ်လမ်းများပြသခြင်းများ စီစဉ်ပေးထားရာ ပျော်ရွှင်စွာ ကြည့်ရှုလျက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်းမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ စစ်တွေမြို့၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများရှိ သောက်ရေကန်များတွင် ကလိုရင်းဆေးခတ်ပေးခြင်းကို ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

ချင်းတွင်းမြစ်ရေ သတိပေးချက်

နေပြည်တော် ဇွန် ၂၄

ချင်းတွင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ခန္တီးမြို့၌ ၁၂၀၃ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ဇွန် ၁၉ ရက်က လှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးမှ မိုးပွင့်အဆင့် (၃)စီမံချက်အဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ခြင်းကို အထက(၃)လှိုင်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးရဲထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းလွင်၊ အနောက်ပိုင်းခရိုင် ဦးစီးဌာနမှူး ဦးယဉ်ထွေးနှင့်အဖွဲ့ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၂၂)

ဒက္ခိဏသီရိဈေးသစ်ဖွင့်လှစ်

နေပြည်တော် ဇွန် ၂၄

မြို့ပြတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ နေထိုင်သူလူဦးရေမှာလည်း တိုးပွားလာလေ့ရှိသည်။ ထိုသို့ လူနေထိုင်မှု များပြားလာသည်နှင့်အမျှ စားရေးအတွက် ဖြေရှင်းရန် ဝယ်ယူစားသောက်စရာ ဈေးကွဲသို့ နေရာများ လိုအပ်လာသည်။

နေပြည်တော် ဒက္ခိဏသီရိမြို့၌ ကုန်စိမ်း၊ ကုန်ခြောက်နှင့် သားငါး ဈေးသစ် ပထမအဆင့်ကို ဇွန် ၂၀ ရက်က ဖွင့်လှစ်ခဲ့ရာ ဒက္ခိဏသီရိမြို့အတွက် လိုအပ်နေသော ဈေးကြီးတစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

မြန်မာ့အလင်းသတင်းအဖွဲ့က ဈေးတည်ဆောက်ဖြစ်လာပုံနှင့် ပတ်သက်၍ ဒက္ခိဏသီရိဈေးကို တာဝန်ယူဆောက်လုပ်ခဲ့သော တီဇက်တီအမ် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးအောင်ကျော်နိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ “နေပြည်တော်ရှိ မြို့နယ်အသီးသီးမှာ မြို့မဈေး၊ သပြေကုန်းဈေး၊ ပုဗ္ဗသီရိဈေး၊ သီရိရတနာ အဆင့်မြင့်ဈေး၊ အာဟာရသုခဈေး စသည်ဖြင့် ဈေးအမျိုးမျိုးကို ဖွင့်လှစ်ထားပါတယ်။ ဒီဒက္ခိဏသီရိမြို့ဈေးကိုတော့ အခုမှ ဖွင့်လှစ်လိုက်တာပါ။ ဒက္ခိဏသီရိမြို့မှာ ဟိုတယ်တွေ၊ ကုမ္ပဏီတွေ၊ အခြေချနေထိုင်သူတွေ အများကြီး ရှိပါတယ်။ အဲဒီအတွက် ဈေးကြီးတစ်ခု ဖွင့်လှစ်ရန် လိုအပ်လာတာကြောင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီရဲ့ ကြီးကြပ်မှုဖြင့် ကျွန်တော်တို့ကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်ခဲ့တာပါ” ဟု ဖြေကြားသည်။

ဒက္ခိဏသီရိဈေးကို ၁၁-၂-၂၀၁၁ ရက်က စတင်ဆောက်လုပ်ခဲ့ပြီး ပထမအဆင့်အနေဖြင့် ကုန်စိမ်း၊ ကုန်ခြောက်နှင့် သားငါးဆိုင်ခန်းပေါင်း ၅၀၄ ခန်းဆောက်လုပ်ထားပြီး ကုန်စိမ်း၊ ကုန်ခြောက် ရှစ်ပေပတ်လည်တစ်ခန်းကို ငွေကျပ် ၁၅ သိန်း၊ ၁၇ သိန်းနှင့် သားငါး ရှစ်ပေပတ်လည် တစ်ခန်းကို ငွေကျပ် ၁၈ သိန်း၊ သိန်း ၂၀ ဖြင့် ရောင်းချပေးသည်။

ဒက္ခိဏသီရိဈေးအတွင်းရှိ ကုန်ခြောက်များရောင်းချနေသော ဈေးရုံတစ်ရုံကို တွေ့ရစဉ်။

အမေး၊ အရေး-ဝင်းကျော်

ဓာတ်ပုံမှတ်တမ်း - ကျော်သူဝင်း (မြန်မာ့အလင်း)

ဆက်လက်၍ ဒုတိယအဆင့်အနေဖြင့် R.C ဆိုင်ခန်းများ၊ Showroom များနှင့် ပွဲရုံခန်းများကို ဆက်လက်ဆောက်လုပ်နေပြီး စက်တင်ဘာ၊ အောက်တိုဘာလလောက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ဒက္ခိဏသီရိဈေး စည်ပင်ဖွံ့ဖြိုးလာသည်နှင့်အမျှ ဈေးဝယ်၊ ဈေးသည်များ သွားလာဆက်သွယ်မှု လွယ်ကူစေဖို့ လိုင်းကားများပြေးဆွဲနိုင်ရန် သက်ဆိုင်ရာမှ စီစဉ်နေကြောင်း သိရသည်။

ဈေးဆိုင်ခန်းများကို ရုံများဖြင့် စနစ်တကျ တည်ဆောက်ထားကာ ဈေးသန့်ရှင်းရေးအတွက် အမှိုက်များကို စနစ်တကျစွန့်ပစ်ရန်စီစဉ်ထားကြောင်း၊ မီးဘေးလုံခြုံရေးအတွက် ဈေးပတ်ပတ်လည်တွင် ရေငုတ်များထားရှိကြောင်း၊ ဈေးကို နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ကြောင်း သိရသည်။

ဖွံ့ဖြိုးစည်ပင်

ဒက္ခိဏသီရိဈေးသည် ရန်ကုန်-နေပြည်တော်သွား အမြန်လမ်းနှင့် လယ်ဝေးမြို့နယ်အနီး တည်ရှိပြီး ကုန်စိမ်း၊ ကုန်ခြောက်နှင့်သားငါးများကို ဒက္ခိဏသီရိမြို့နှင့် အနီးဝန်းကျင်မြို့မှ လူများ အနီးဆုံးနေရာ၌အလွယ်တကူ ဝယ်ယူစားသုံးနိုင်မည်မို့ မကြာမီအချိန်အတွင်း ဈေးကြီးမှာ ဖွံ့ဖြိုးစည်ပင်လာမည်ဖြစ်ပါကြောင်း။ ။

ဒက္ခိဏသီရိဈေးအတွင်းရှိ ဈေးရုံများကို ဤသို့တွေ့ရသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၄ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက် (အဖိတ်နေ့)

၂၅-၆-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	နံနက်ခင်းသတင်း
၈း၃၀	**ရောဝတီ အလှတစ်ပါး ရတနာပုံတံတား**
၈း၄၀	International News
၈း၄၅	တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀	စစ်ချီတေး၊ စစ်သည်တေး
၄း၃၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (စိတ်ပညာအထူးပြု)(စိတ်ပညာ)
၅း၀၀	မြန်မာစာ၊ မြန်မာစကား
၅း၂၀	အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၅း၃၅	ဖွံ့ဖြိုးသာယာရွာတန်းအစီအစဉ်
၆း၀၀	ညနေခင်းသတင်း
၇း၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ **ဖေဖေ့သမီး** (အပိုင်း-၁၄)
၈း၀၀	ပြည်တွင်းသတင်း
	- နိုင်ငံတကာသတင်းများ
	- မိုးလေဝသအခြေအနေ
	- ကမ္ဘာကျော်သရုပ်ဆောင်များ
	- အိန္ဒိယရုပ်ရှင် **အချစ်ရဲ့ကျေးကျွန်** (ဇာတ်သိမ်း)

မြန်မာအမျိုးသမီးများနေ့ (ဇူလိုင်လ ၃ ရက်)ကို ကြိုဆိုဂုဏ်ပြုသည့်

မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ဖွင့်ပွဲများ ကျင်းပ

နေပြည်တော် ဇွန် ၂၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်က ဦးဆောင်ကျင်းပသည့် ၂၀၁၂ ခုနှစ် မြန်မာအမျိုးသမီးများနေ့ (ဇူလိုင်လ ၃ရက်)ကို ကြိုဆိုဂုဏ်ပြုသည့် မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

နံနက် ၆ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအဝိုင်းအနီး၌လည်းကောင်း၊ နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကုံကော်ပန်းအဝိုင်းအနီး၌လည်းကောင်း မြန်မာအမျိုးသမီးများနေ့ဆိုင်းဘုတ်တို့ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဥက္ကဋ္ဌဒေါက်တာသက်သက်ဇင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ် ပေးသည်။

(သတင်းစဉ်)

"မြန်မာအမျိုးသမီးများနေ့"
ဇူလိုင်လ (၃) ရက်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင် ဒက္ခိဏသီရိမြို့နယ် ကုံကော်ပန်း အဝိုင်းအနီးရှိ မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၅-၆-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၅	တရားတော်
၇း၂၅	မျိုးချစ်တပ်မတော်
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅	ဇာတ်လမ်းတို

ညပိုင်း

၄း၁၀	မျိုးချစ်တပ်မတော်
၄း၁၅	စိုက်ပျိုးသုတ
၅း၂၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွင်ပြင် ဒုတိယတွဲ** (အပိုင်း-၁၁)
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်နိမိတ်နှင့် သက်ကယ်ဓား** (အပိုင်း-၁၂)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း - နိုင်ငံတကာသတင်း - မိုးလေဝသသတင်း - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နေမင်းကဲ့သို့ထွန်းလင်းသော** (အပိုင်း-၁၂)

ခွာနာလျှာနာ သတိပြုစရာ

မောင်အောင်(မွေးကု)

"ငါ့တူကြီး ရောက်လာတာနဲ့ အတော်ပဲ၊ ပြီးခဲ့တဲ့အပတ်ကတည်းက သတင်းစာမှာ မင်းတို့မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက **'ခွာနာလျှာနာရောဂါ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်'** ထည့်တာတွေ့တယ်။ အဲဒါ ဘယ်မှာ ရောဂါဖြစ်နေလို့လဲ။ ပြီးတော့ ခွာနာလျှာနာရောဂါက ငါတို့သိသလောက် သိပ်ပြီး အရေးကြီးတဲ့ ရောဂါမဟုတ်ပါဘူး။ အသေအပျောက်လည်း နည်းပါတယ်။ မသကာ အလုပ်မလုပ်နိုင်ရုံလောက်ပဲ မဟုတ်ဘူးလား"

အမေ့ရွာတွင် ကျွန်တော်ပြီးခဲ့သည့်နှစ်က စာကြည့်တိုက်တစ်လုံး ဆောက်လုပ်လှူဒါန်းထားသည်။ သို့ဖြစ်၍လည်း အချိန်ရလျှင်ရသလို အမေ့ရွာသို့ သွားဖြစ်သည်။ စာကြည့်တိုက်အတွက် စာအုပ်တွေ ပို့ပေးဖြစ်သည်။ ပြီးတော့ ဦးကြီးအပါအဝင် သလိပ်ကြီးရွာသားတွေနှင့် ပြောဆိုဆွေးနွေးဖြစ်သည်။

အမေ့ရွာတွင် ကျွန်တော်တို့ငယ်ငယ်တုန်းက လမ်းကောင်းကောင်းမရှိ၊ အိမ်ကြီးအိမ်ကောင်းမရှိ။ ပီဘိရွာကလေး။ ယခုတော့ အမေ့ရွာက ကွန်ကရစ်လမ်းနှင့်ဖြစ်နေပြီ။ တိုက်ခံအိမ် ၁၀ လုံးခန့်ရှိသည်။ စာသင်ကျောင်းရှိသည်။ ဆေးပေးခန်းရှိသည်။ ဆန်စက်ရှိသည်။ ပုဂ္ဂလိက လျှပ်စစ်ဓာတ်အားပေးစက်ရှိသည်။ နှစ်ပေ စလောင်း လေးငါးအိမ်ရှိသည်။ တီဗွီ၊ ရေဒီယို အိမ်အတော်များများမှာ ရှိနေသည်။

ထို့အတူ ကျွန်တော့်ဦးကြီးသည်လည်း သျှောင်ထုံးထုံးထားသည်မှလွဲ၍ ခေတ်မီသည်။ အတွေးအမြင်ရှိသည်။ နေ့စဉ်သတင်းစာဖတ်သည်။ တီဗွီကြည့်သည်။ ကျွန်တော်တို့ရုံးလုပ်ငန်းတွင် နစ်နေ၍ တီဗွီသတင်း မကြည့်ဖြစ်သည်များရှိသည်။ ဦးကြီးကား နေ့တိုင်းတီဗွီကြည့်သဖြင့် ဦးကြီးမေးသည့်မေးခွန်းများကို ကျေနပ်အောင် အတော်လေးဂရုစိုက်၍ဖြေရသည်။ ယခုလည်း ခွာနာလျှာနာရောဂါနှင့်ပတ်သက်၍ ကျွန်တော်ခရီးရောက်မဆိုက် မေးလာချေပြီ။

"ဟုတ်ပါတယ် ဦးကြီး၊ ခွာနာလျှာနာရောဂါနှင့်ပတ်သက်လို့ ပြီးခဲ့တဲ့ အပတ်ကတည်းက သတင်းစာမှာ သတိပေးနှိုးဆော်ချက် ကျွန်တော်တို့ ထည့်ခဲ့ပါတယ်။ ဒီရောဂါဘယ်နေရာမှာ၊ ဘယ်မြို့မှာမှ ယခုလက်ရှိဖြစ်နေတာ မရှိပါဘူး။ အဲ. . . ဒါပေမယ့် ဦးကြီးလည်းသိတဲ့အတိုင်း **'စစ်ရောက်မှ မြားချွန်၊ မိုးလွန်မှထွန်ချ'** မဖြစ်ရအောင် **'ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်းသည်'** လို့ဆိုတဲ့ စကားအတိုင်း ကူးစက်ရောဂါမဖြစ်ပွားခင် ကြိုတင်သတိရှိနေဖို့ အသိပေးတာပါ"

"နောက်ပြီး ဒီခွာနာလျှာနာရောဂါက စောစောက ဦးကြီးပြောသလို အသေအပျောက်နည်းတာတော့ မှန်ပါတယ်။ အဲ. . . ဒါပေမယ့် ခွာမကောင်းလျှင် လမ်းမလျှောက်နိုင်သလို လျှာမကောင်းလျှင် အစာမစားနိုင်ဘူး။ အစာမစားနိုင်၊ လမ်းမလျှောက်နိုင်လျှင် ခိုင်းနွားတွေမှာ အလုပ်ပျက်မယ်။ အမောမလုံဘူး၊ ထယ်မထိုးနိုင်ဘူး၊ ထွန်မမွှေနိုင်ဘူး၊ ရေစည်မတိုက်နိုင်ဘူး၊ လှည်းမဆွဲနိုင်ဘူး၊ လုပ်အားအများကြီး ဆုံးရှုံးမယ်"

"ဒါတင်မကဘူး။ နို့စားနွားမတွေမှာ နို့ထွက်နှုန်းကျမယ်။ ဇီးရှိတဲ့ တိရစ္ဆာန်တွေ ဇီးလျှောမယ်။ နွားမတမ်းတွေမှာ ဇီးမအောင်တာတို့ မြုံတာတို့ ဖြစ်မယ်။ ဒါ့အပြင် အစာမစားနိုင်တာကြောင့် ကိုယ်ခံစွမ်းအားကျဆင်းမယ်။ တခြားကူးစက်ရောဂါတွေ ဝင်လာနိုင်တယ်။ ပိုပြီးဆိုးတာက ဒီရောဂါဖြစ်ပွားစေတဲ့ ဗိုင်းရပ်စ်က ကူးစက်မြန်တာပဲ။ ဒီ့အတွက်ကြောင့် ဦးကြီးပြောသလို ဒီရောဂါကြောင့် ဖြုန်းခနဲ ဒိုင်းခနဲ မသေတာ မှန်ပေမယ့် လုံးဝပေါ့ဆလို့မရဘူး။ ဒါ့ကြောင့် ကျွန်တော်တို့ဌာနက သတိပေးနှိုးဆော်ချက် ကြိုတင်ကြေညာတာ၊ အသိပေးတာ။ ကျွန်တော်တို့ တောင်သူတွေ မဆုံးရှုံးစေချင်လို့၊ သိစေချင်လို့ပါ"

"အေး. . . ကောင်းပါပြီကွာ။ မင်းပြောတော့လည်း ဒီခွာနာလျှာနာရောဂါက အတော်လေး ကြောက်စရာကောင်းတာပဲ။ အဲဒီရောဂါက ဒို့ကျွဲ နွားတွေမှာပဲ ဖြစ်တာလား။ ဟိုတလောက ဟိုဘက်ရွာမှာ ဝက်တွေမှာလည်း ဖြစ်တယ်လို့ကြားတယ်။ ပြီးတော့ ဘယ်လိုရာသီမျိုးမှာ အဖြစ်များတာလဲ။ ဒို့ရွာတွေမှာက စိုက်ပျိုးရေးနဲ့တင် အားကိုးလို့ မရဘူးကွ။ အခုလို ကလေးတွေ ကျောင်းဖွင့်ချိန်၊ စပါးစိုက်ချိန်မှာ ငွေအကျပ်ဆုံးပဲ။ ဒီအချိန်မှာ ဝက်ကလေး ထုတ်ရောင်း၊ ကြက်ကလေးထုတ်ရောင်း၊ နွားပိုနွားလျှံလေးတွေ ထုတ်ရောင်းပြီး ကလေးတွေ ကျောင်းအပ်ရတာ။ ခွာနာလျှာနာ ရောဂါဖြစ်လို့ကတော့ တကယ့်ပြဿနာပဲ"

ဦးကြီးက ညည်းတွားရင်း သူသိလိုသည်များကို မေးလာသည်။

"ဒီခွာနာလျှာနာရောဂါက ကျွဲနွားတွေတင်မကဘူး။ သိုး၊ ဆိတ်၊ ဝက် အပါအဝင် ခွာကွဲသတ္တဝါတွေအားလုံးမှာ ဖြစ်တတ်တယ် ဦးကြီးရဲ့။ ပြီးတော့ ဝက်မှာဖြစ်တဲ့ ခွာနာလျှာနာရောဂါ ဗိုင်းရပ်စ်ပိုးကလည်း ကျွဲနွားတွေမှာ ကူးစက်နိုင်တယ်။ အထူးသဖြင့်တော့ ရာသီအကူးအပြောင်းကာလ နွေအကုန် မိုးအကူး စွတ်စိုတဲ့ကာလတွေမှာ အဖြစ်များပြီး ထိန်းချုပ်ရတာလည်း ခက်တယ်။ ဒါ့ကြောင့် တိရစ္ဆာန်တွေ ရောဂါဖြစ်ပွားမှ ကုသတာထက် မဖြစ်ပွားအောင် ကြိုတင်ကာကွယ်တာကတော့ အကောင်းဆုံးပဲ"

"အေးကွာ ထားပါတော့။ ကြိုတင်ကာကွယ်တာပေါ့။ အဲ. . . ဒါပေမယ့် ငါတို့တွေ့ရသလောက် ဒီရောဂါဖြစ်လျှင် လျှာတွေ၊ အာခေါင်တွေ၊ သွားဖုံးတွေ၊ ခံတွင်းတွေထဲမှာ အရည်ကြည်ဖုလေးတွေပေါက်ပြီး အနာဖြစ်လာတယ်။ အစာ မစားနိုင်တော့ဘူး။ ပြီးတော့ ခွာကြားတွေ၊ ခွာပန်းကုံးတွေမှာလည်း အနာတွေ ဖြစ်လာပြီး လမ်းမလျှောက်နိုင်တော့ဘူး။ အဲဒီကျမှ ငါတို့က ရောဂါဖြစ်မှန်းသိတာ။ ငါတို့လည်း ရောဂါဖြစ်မှန်းသိရော နွားကအစာမစားနိုင်တော့ဘူး။ လမ်းမလျှောက်နိုင်တော့ဘူး။ အဲဒါ ငါတို့ကြိုသိချင်တယ်၊ ကြိုသိမှဖြစ်မှာ"

"အဲဒါကတော့ ကျွန်တော်တို့ တောင်သူတွေ ကိုယ့်တိရစ္ဆာန်ကို ကိုယ်ဂရုစိုက်ဖို့လိုတယ်။ တိရစ္ဆာန်ကို ပုံမှန်အစာကျွေး၊ ရေတိုက်လုပ်မယ်။ ဆီး၊ ဝမ်း မှန်၊မမှန် ဂရုစိုက်မယ်။ ဆီးအရောင်၊ ဝမ်းသွားတာ ပုံမှန်အနေအထား ဟုတ်၊ မဟုတ် စိစစ်မယ်။ ဆီးချုပ်၊ ဝမ်းချုပ်ဖြစ်လျှင်၊ ဝမ်းလျှောလျှင် ရောဂါ ဝင်တာပဲ။ ပြီးတော့ ဦးကြီးလည်း သိတဲ့အတိုင်း ကျန်းမာနေတဲ့ ကျွဲနွား နှာသီးဖျား စိုနေမယ်။ စားမြုံ့ပုံမှန်ခတ်မယ်။ အမွေးမဆောင်းဘူးဆိုလျှင် ကျန်းမာနေတာပဲ။ အမွေးဆောင်းမယ်၊ နှာသီးဖျား ခြောက်မယ်၊ စားမြုံ့ မခတ်ဘူး၊ နားရွက်ဖျားစမ်းကြည့်လို့ ကိုယ်အပူချိန်တက်နေမယ်ဆိုလျှင် ရောဂါဝင်နေပြီ။ နားလည်တတ်ကျွမ်းတဲ့ တိရစ္ဆာန်ဆေးကုဆရာဝန်ကို ပြဖို့လိုမယ်။ ကိုယ့်ဘာသာ တတ်ယောင်ကားလုပ်လို့ကတော့ ရောဂါပိုဆိုးပြီသာမှတ်တော့ ဦးကြီးရေ"

"မင်းကလည်း တိရစ္ဆာန်ဆေးကုဆရာဝန်တွေအတွက် အရေးထဲကြော်ငြာဝင်နေပြန်ပါပြီ။ ဒီလောက်တန်ဖိုးရှိတဲ့ ကိုယ့်နွားကို ဘယ်သူက တတ်ယောင်ကားနဲ့ ဆေးကုပ့ါမလဲကွ။ ကဲ ထားပါတော့ ဒီရောဂါပိုးက ဘယ်လိုကူးစက်တာလဲ၊ ကူးစက်တာမြန်သလား၊ ပြောစမ်းပါဦး"

"ကူးစက်တာတော့ မြန်မှမြန်ပဲ ဦးကြီးရေ ၊ တစ်ကောင်ရောဂါဖြစ်လျှင် အဲဒီရောဂါဖြစ်တဲ့ တိရစ္ဆာန်နဲ့ အတူနေတိရစ္ဆာန်အားလုံး ကူးစက်နိုင်တယ်။ ရောဂါဖြစ်တဲ့ တိရစ္ဆာန်ရဲ့ တံတွေး၊ ကျင်ငယ်ရည်၊ နှာရည်၊ နို့၊ သုက်ရည်တွေကနေတစ်ဆင့် ကူးစက်နိုင်တယ်။ ဒါ့အပြင် အနာဖေး၊ အနာသားနံရည်တွေကနေ တစ်ဆင့်လည်း ကူးစက်နိုင်တယ်။ နောက်တစ်ခါ ကျွဲနွားထိန်းတဲ့ ကိုင်တဲ့လူတွေရဲ့ အဝတ်အစား၊ ဖိနပ်တွေကနေတစ်ဆင့်လည်း ကူးစက်နိုင်တယ်"

" ဒါ့ကြောင့် ရောဂါမကူးစက်အောင် ရောဂါဖြစ်တဲ့တိရစ္ဆာန်နဲ့ မဖြစ်သေးတဲ့ တိရစ္ဆာန်ခွဲပြီး ထားဖို့လိုသလို၊ ရောဂါဖြစ်တဲ့တိရစ္ဆာန် ဘယ်မှမထွက်အောင် ထိန်းထားဖို့လိုတယ်။ ကျွန်တော်တို့ တောင်သူတွေက ရောဂါဖြစ်တဲ့တိရစ္ဆာန်ကို ထုတ်ပြီး ရောင်းတာမျိုး လုံးဝမလုပ်ဖို့လိုတယ်။ ထုတ်ပြီးရောင်းလျှင် ရောဂါဖြန့်တာပဲ။ ဒါ့အပြင် ရောဂါဖြစ်နေတဲ့ခြံထဲမှာ သန့်ရှင်းရေးစနစ်တကျလုပ်ဖို့လိုတယ်။ ပိုးသတ်ဆေးဖျန်း၊ ထုံးဖြူးသင့်တယ်။ ရောဂါဖြစ်တဲ့တိရစ္ဆာန်ရဲ့ အညစ်အကြေးနဲ့ စားကြွင်းစားကျန်တွေကို မြေမြှုပ်လို့ပဲဖြစ်ဖြစ်၊ မီးရှို့လို့ပဲဖြစ်ဖြစ် ဖျက်ဆီးပစ်ဖို့လိုတယ်။ ဒါမှ ရောဂါကို ထိန်းချုပ်နိုင်မှာ"

"မင်းပြောပုံဖြင့် ဒီခွာနာလျှာနာရောဂါက အတော့်ကိုကြောက်စရာကောင်းတဲ့ ရောဂါပဲ။ ဒို့တောမှာတော့ ဒီရောဂါဖြစ်လျှင် ငရုတ်သီးထောင်း လျှာတွေကိုပွတ်၊ မျက်စိထဲ ငရုတ်ကောင်းမှုန့်ထည့်၊နေပူပူ သဲပူပူမှာ နွားကို သဲပူထဲမောင်းပေးလိုက်တာပဲ၊ ဓာတ်ကြမ်းတိုက်တာပေါ့ကွာ"

" အဲဒီတော့ ဒီရောဂါပျောက်သွားရောလား"

"ရောဂါပျောက်၊ မပျောက်တော့မသိဘူး။ ရွာတောင်ဘက်က ချက်ကြီးနွားကတော့ သဲပူထဲ ဗုန်းဗုန်းလဲတာ ပြန်ကိုမထနိုင်တော့ဘူး"

ဦးကြီး၏ စကားကြောင့် ဝိုင်းအုံ၍နားထောင်နေသော ရွာသားများ အုန်းခနဲ ပွဲကျသွားသည်။

"ဦးကြီးရဲ့နွားမှာလည်း အသက်နဲ့ပဲ။ ကျွန်တော်တို့က ကြင်နာဖို့လိုတယ်။ ဂရုစိုက်ဖို့လိုတယ်။ အထူးသဖြင့် လျှာမှာ အနာအဖုလေးတွေဖြစ်နေတာကြောင့် ရေတစ်လီတာဝင်တစ်ဘူးကို ကျောက်ချဉ် လေးကျပ်သားနဲ့ဖျော်ပြီး ပါးစပ်တွေ၊ ပါးစောင်တွေ၊ သွားဖုံးတွေ လိမ်းပေးဖို့လိုတယ်။ ခွာနာကိုလည်း ရေနွေးနဲ့ ဖန်ရည်ဆေး၊ ဆေးပြာလေး ပိုတက်ဆီယမ်ပါမင်ဂနိတ်နဲ့ ဖန်ရည်ဆေးပြီး ဆေးကတ္တရာ လိမ်းပေးဖို့လိုပါတယ်။ ဒီရောဂါမှာ အဓိကအရေးကြီးတာက လျှာတွေ၊ပါးစောင်တွေ နာနေတာကြောင့် အစာမစားနိုင်တာ။ တချို့တွေဆိုရင် ဆန်ပြုတ်တောင် ပြုတ်ပြီး တိုက်ပေးတယ်။ အစာနုကျွေးတယ်။ အစာစားရလျှင် တိရစ္ဆာန်ကခံနိုင်ရည်ရှိပြီး မသေနိုင်တော့ဘူး။ အဲဒီလို ဂရုစိုက်ဖို့လိုတယ်"

"ကဲ ထားပါတော့ကွာ။ ဒီခွာနာလျှာနာရောဂါ လုံးဝမဖြစ်အောင် မင်းတို့ ကာကွယ်ဆေးထိုးလို့ မရဘူးလား။ ရောဂါပိုးကလည်း ဘယ်နှမျိုးရှိသလဲ။ ငါသိရသလောက်တော့ ကာကွယ်ဆေးထိုးတိုင်းလည်း ရောဂါမကာကွယ်နိုင်ဘူးလို့ ကြားတယ်။ အဲဒါဘာကြောင့်လဲ။ မနှစ်ကရော ဒို့နိုင်ငံမှာ ဒီရောဂါဘယ်လောက်ဖြစ်သလဲ"

ဦးကြီး၏ မေးခွန်းများကား ထင်တာထက်ပိုပြီး အသေးစိတ်သည်။ ဦးကြီး သိချင်တာတွေက လေးနက်သည်။ သိလည်းသိထိုက်ပေသည်မို့ ကျွန်တော်ဖြေရပါဦးမည်။

"ကာကွယ်ဆေးထိုးလို့ရပါတယ် ဦးကြီး။ ဒီခွာနာလျှာနာရောဂါက ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရတာဖြစ်ပြီး ပိုးအမျိုးအစား ခုနစ်မျိုးရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ (O) အမျိုးအစားက ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး (A) အမျိုးအစားလည်း ဖြစ်ပွားတာတွေ့ရပါတယ်။ ကျွန်တော်တို့ဌာနက မှတ်တမ်းတွေအရ ဆိုလျှင် ၂၀၀၂ ခုနှစ်က ဖြစ်ပွားတာအများဆုံးဖြစ်ပြီး ကျွဲနွား ၁၁၇၂၆ ကောင်ဖြစ်ပွားခဲ့ပါတယ်။ အဲဒီနောက် အရှေ့တောင်အာရှ ခွာနာလျှာနာထိန်းချုပ်ရေး စီမံကိန်းနဲ့ပူးပေါင်းပြီး ကျွန်တော်တို့ တိုက်ဖျက်လာခဲ့တာ ၂၀၀၉ ခုနှစ်က ကျွဲနွား ၁၃၀၁ ကောင်၊ ၂၀၁၀ ခုနှစ်မှာ ၁၅၁၅ ကောင်ဖြစ်ပွားခဲ့ပြီး မနှစ်က ၂၀၁၁ ခုနှစ်မှာ ကျွဲနွား ၇၇ ကောင်ပဲ ဖြစ်ပွားခဲ့ပါတယ်။ ဦးကြီးပြောသလို အရင်တုန်းက ကာကွယ်ဆေးထိုးပေမယ့် ရောဂါပြန်ဖြစ်တာတွေ့ရတတ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ရောဂါပိုးတစ်မျိုးက သူနဲ့ပတ်သက်တဲ့ရောဂါပိုးတစ်မျိုးကိုပဲ ကာကွယ်နိုင်တာကြောင့်ပါ။ အခုနောက်ပိုင်းတော့ ရောဂါပိုးနှစ်မျိုးစပ်၊ သုံးမျိုးစပ်ကာကွယ်ဆေးတွေ ပေါ်လာတာကြောင့် အဲဒီသုံးမျိုးစပ်ကာကွယ်ဆေးသာထိုးထားလျှင် ရောဂါမဖြစ်ပွားနိုင်အောင် လုံးဝကာကွယ်နိုင်မှာပါ"

"မင်းပြောပုံကတော့ အားရစရာပဲ။ မင်းတို့ဌာနကရော အဲဒီကာကွယ်ဆေးတွေ ထုတ်နိုင်ပြီလား"

"ထုတ်နိုင်ပါပြီကော ဦးကြီးရယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကစပြီး ခွာနာလျှာနာရောဂါကာကွယ်ဆေးထုတ်ခဲ့တယ်။ ၂၀၁၀ ခုနှစ်က ကာကွယ်ဆေး အဆ ၂ ဒသမ ၁ သိန်း ထုတ်ခဲ့ပြီး ၂၀၁၁ ခုနှစ်မှာလည်း ကာကွယ်ဆေး အဆ ၂ ဒသမ ၂ သိန်း ထုတ်ခဲ့တယ်။ တဖြည်းဖြည်းတိုးပြီးထုတ်သွားဖို့ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)တွေက အကူအညီပေးနေပြီ။ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ကလည်း ဒီနှစ်မှာ ကာကွယ်ဆေးအဆ နှစ်သိန်းပေးတာကြောင့် စစ်ကိုင်း၊ နေပြည်တော် လယ်ဝေးမြို့နဲ့ ထားဝယ်ခရိုင်တွေမှာ ကာကွယ်ဆေးထိုးစီမံချက်တွေ ရေးဆွဲပြီး ဒီလကစပြီး ဆေးထိုးဖို့လုပ်နေကြပြီ။ အရေးကြီးတာက ဌာနက ကာကွယ်ဆေးလာပြီးထိုးတဲ့အခါ ကျွန်တော်တို့လယ်သမားတွေက ကျွဲနွားတွေစုထားပေးဖို့၊ တောထဲလွှတ်မထားဖို့၊ ကွက်ပြည့်ထိုးဖို့ပဲ။ ဒါမှ ကာကွယ်ဆေးထိုးလျှင်ထိုးသလောက် ထိရောက်အကျိုးရှိမှာ"

"ကဲမင်းတို့ဘက်ကသာ ကာကွယ်ဆေး သေချာလာပြီးထိုးပေးပါကွာ။ ငါတို့ဘက်ကတော့ ကျွဲနွားတွေစုပေးဖို့တာဝန်ယူတယ်။ ကဲ. . ဖိုးထောင်တို့၊ ချက်ကြီးတို့ရေ ဒို့ဘက်က ကျွဲနွားစုပေးဖို့ တာဝန်ယူရမယ်နော်"

ဦးကြီး၏ အားပါးတရ ဟစ်ကြွေးသံက အားမာန်အပြည့်ရှိလှသည်။ တကယ်တော့ ခွာနာလျှာနာရောဂါသည် ကြောက်စရာမဟုတ်ပါ။ သတိပြုစရာသာ ဖြစ်ပါသည်။ ။

❐ *နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သတင်းမှ*

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က မဟာဗောဓိညောင်ပင်ကို ရေစင်သွန်းလောင်း၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ကျည်းပင်အိုင်ဟု အမည်တွင်သည့် မုစလိန္ဒာအိုင်အနီး၌ နေရာယူကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက သတ်မှတ်နေရာ၌ ကျည်းပင်ကို စိုက်ပျိုးပေးကာ ရေစင်သွန်းလောင်း၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က ကျည်းပင်ကို ရေစင်သွန်းလောင်း၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် မုစလိန္ဒာအိုင်အရှေ့အဝင်နေရာတွင် နေရာယူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သတ်မှတ်နေရာ၌ ကံ့ကော်ပင်ကို စိုက်ပျိုးပေးကာ ရေစင်သွန်းလောင်း၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့က ကံ့ကော်ပင်ကို ရေစင်သွန်းလောင်း၍ အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ဆိုင်ရာကော်မတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဒုတိယဝန်ကြီးများက သတ်မှတ်နေရာအသီးသီး၌ ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာဝန်ထမ်းများနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များက သတ်မှတ်နေရာအသီးသီး၌ ကံ့ကော်ပင်နှင့် ခရေပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းသို့ စိုက်ပျိုးကြစဉ် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် သစ်ပင်စိုက်ပျိုးမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စေတီတော်တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်အတွင်း ခင်းကျင်းပြသထားသည့် သတ္တသတ္တာဟစေတီတော်တည်ဆောက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုသည်။

ယနေ့ကျင်းပသည့် ၂၀၁၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် မဟာဗောဓိညောင်ပင်နှင့် ကျည်းပင်တို့အပါအဝင် ကံ့ကော်ပင်နှင့် ခရေပင် စုစုပေါင်း ၂၁၆ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မုစလိန္ဒာအိုင်အရှေ့အဝင်နေရာတွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဥဒယရုံသီကုန်းတော်၌ တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟစေတီတော်ပရိဝုဏ်အတွင်း၌ ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော် ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား
(၄)ခရိုင် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၄

၂၀၁၂ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား (၄)ခရိုင် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် လှိုင်မြို့နယ် ရန်ကုန်ယူနိုက်တက် FC အားကစားကွင်း၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ အနောက်ပိုင်းခရိုင်(ခ) အမျိုးသမီးဘောလုံးအသင်းနှင့် အရှေ့ပိုင်းခရိုင်(က) အမျိုးသမီးဘောလုံးအသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တာဝန်ရှိသူများက ဗိုလ်လုပွဲနေ့အကောင်းဆုံး အားကစားသမားဆု၊ နေရာအလိုက် အကောင်းဆုံး အားကစားသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်က အသန့်ရှင်းဆုံးဆုရ တောင်ပိုင်းခရိုင်(က)အသင်းအား ဆုဖလားနှင့် ငွေသားဆုကို လည်းကောင်း၊ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က ဒုတိယဆုရ အရှေ့ပိုင်းခရိုင်(က)အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်ခင်သက်ဌေးက ပထမဆုရ အနောက်ပိုင်းခရိုင်(ခ) အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုကို လည်းကောင်း ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမတံခွန်စိုက်ဆုရ အနောက်ပိုင်းခရိုင်(ခ) အသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားဆုများကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ၂၀၁၂ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား(၄)ခရိုင် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဖလားရရှိသော အနောက်ပိုင်းခရိုင် (ခ)အသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၂၅-၆-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၄၀ **အထင်နှင့် အယူအဆကိုပယ်တာ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ် ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၆၃)
၇:၃၀ MRTV- 4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၇၇)
၁၁:၃၀ Golden Minute
၁၂:၁၀ MRTV-4 ကျန်းမာရေးကဏ္ဍ (မိုးရာသီတွင် ဖြစ်ပွားတတ်သော တုပ်ကွေး ရောဂါများအကြောင်း)
၂:၀၀ MRTV-4 သတင်း
၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၆၃)
၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်**(အပိုင်း-၇၇)
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၆၄)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်**(အပိုင်း-၇၈)
၁၁:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၁၈)
၁:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၁၈)

လပွတ္တာမြို့နယ် အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၁၆ ရက်က ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်းကြီးကြပ်၍ မိုးပွင့်အဆင့်(၃)စီမံချက်အဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။
(မြို့နယ်လဝက)

ကရင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ IOM အဖွဲ့မှ ကိုယ်စားလှယ်များနှင့် ဇွန် ၂၂ ရက်တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် Nippon Foundation မှ Prof. Motoyoshi Satake ခေါင်းဆောင်သောအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံသည်။

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာဖွင့်လှစ်ပွဲအခမ်းအနားကို ဇွန် ၂၃ ရက်တွင် ဘားအံမြို့ အမှတ်(၄)ရပ်ကွက်၌ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သိန်းဝင်းနှင့် ဘားအံခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်လှိုင်ဝင်းတို့က မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ညွန့်ညွန့်ဝေက မြန်မာအမျိုးသမီးများနေ့စာတမ်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံ-လှိုင်းဘွဲ့လမ်း ဘားအံစက်မှုဇုန်အနီး၌ ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး သစ်ပင်စိုက်ပျိုးပေးသည်။

ဇွန် ၂၁ ရက် နံနက်ပိုင်းက ဘားအံတက္ကသိုလ် ကြက်ခြေနီအသင်းနှင့် ကရင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်း (သာမန်)အဆင့် (၁/၂၀၁၂)သင်တန်းဆင်းပွဲအခမ်းအနားကို ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ ပြည်နယ်တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဘားအံတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် ဘားအံတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်နှင့် ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်က ပြည်နယ်အစိုးရအဖွဲ့မှ ဘားအံတက္ကသိုလ် ကြက်ခြေနီအသင်းအတွက် လှူဒါန်းသော ငွေကျပ်သုံးသိန်းကို တာဝန်ခံပါမောက္ခချုပ်ထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၀) သင်တန်းဆင်းအရာရှိများ၏ သမ္မာသမ္ဗုဒ္ဓေါ မွှာရုံဖွင့်လှစ်ပွဲနှင့် ရေစက်ချပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်(စီမံ)ဒေါက်တာသန့်ဇင်နိုင်၊ ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ် စေတီတော်ဂေါပက ဥက္ကဋ္ဌဦးညွန့်ဝေနှင့် ဗိုလ်မှူးကြီး လှမြင့်ကျော်(ငြိမ်း)တို့က မွှာရုံကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြန်မာ့အလင်း)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

စကားဝါမြေဖောင်ဒေးရှင်း၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၂၄

စကားဝါမြေဖောင်ဒေးရှင်းနာယက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ယမန်နေ့နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် လက်ပံပင်ကျေးရွာ အုပ်စု ပြည်တော်သာကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက် ယာယီမဏ္ဍပ်၌ကျင်းပသော စကားဝါမြေလယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စား ငွေစုငွေချေးအသင်းနှင့် ဒေသခံပြည်သူများအားတွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်တော်သာကျေးရွာမှ ငွေစုငွေချေးအသင်း၏ အတွင်းရေးမှူး ဦးအောင်ဆန်းဝင်းက ငွေထုတ်ချေးပြီး ကျေးလက်နေပြည်သူများစိုက်ပျိုးရေး၊ မွေးမြူရေးစသည့် ကဏ္ဍများတွင် ဝင်ငွေပိုမိုတိုးတက်ရရှိအောင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ငွေစုငွေချေးအသင်းက ကျေးလက်ဒေသနေ ပြည်သူများအား စီးပွားရေးအခွင့်အလမ်းများ ရေရှည်ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား ဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ဆင်းရဲမှုကိုအထိုက်အလျောက် လျှော့ကျသွားအောင် ဆောင်ရွက်ပေးနေမှု၊ ဒေသခံပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေးကို အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ငွေစုငွေချေးအသင်းမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားရန်လိုအပ်မှုတို့ကို ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း စကားဝါခန်းမ၌ကျင်းပသော စကားဝါမြေဖောင်ဒေးရှင်း၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားတွင် တစ်ဘာသာဂုဏ်ထူးရှင်များအား စကားဝါမြေဖောင်ဒေးရှင်းလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမောင်မောင်ရှိန်၊ ဦးသောင်းညွန့်နှင့် ဦးမောင်သန်းတို့က လည်းကောင်း၊ နှစ်ဘာသာဂုဏ်ထူးရှင်များအား စကားဝါမြေ ဖောင်ဒေးရှင်းလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်သန်းတို့က လည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရှင်များအား ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းကလည်းကောင်း၊ လေးဘာသာဂုဏ်ထူးရှင်များအား ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်မော်ကလည်းကောင်း၊ ငါးဘာသာဂုဏ်ထူးရှင်များအား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်ခင်သန်းဝင်းက လည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ခြောက်ဘာသာဂုဏ်ထူးရှင်များ ဖြစ်ကြသည့် မောင်အောင်ချမ်းဖြိုးနှင့် မသီရိထွန်းရွှေတို့အား ဆုများပေးအပ် ချီးမြှင့်ပြီး ထူးချွန်အောင်မြင်အောင် သင်ကြားပေးခဲ့သော ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများကိုယ်စား မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုအား ထူးချွန်ဆုနှင့်ဂုဏ်ပြုဆုများကို ပေးအပ်သည်။

ယင်းနောက် စကားဝါမြေဖောင်ဒေးရှင်း အလှူငွေပေးအပ်ခြင်းအခမ်းအနားကိုကျင်းပရာ မြန်မာနိုင်ငံဘဏ်များအသင်းက လှူဒါန်းသော အလှူငွေများအား ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌ ဦးသိန်းထွန်းကလည်းကောင်း၊ ကျောက်ပန်းတောင်းမြို့နယ် မြို့မိမြို့ဖများကိုယ်စား ဦးလှဌေးကလည်းကောင်း အလှူငွေများ ပေးအပ်လှူဒါန်းကြရာ စကားဝါမြေဖောင်ဒေးရှင်းလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်က လက်ခံသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ကျောက်ပန်းတောင်းမြို့နယ် အတွင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင်လေးဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၀ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၉ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၀၉ဦး စုစုပေါင်း ထူးချွန်ကျောင်းသားကျောင်းသူ ၁၈၂ ဦးတို့အား ပညာရည်ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် ဒို့ချစ်တဲ့ကမ္ဘာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဒို့ချစ်တဲ့ကမ္ဘာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြပွဲဖွင့်လှစ်

နေပြည်တော် ဇွန် ၂၄

ဒို့ချစ်တဲ့ကမ္ဘာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်ဇနီး ဒေါ်ဖြူဖြူညွှန့်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဧည့်သည်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးဘရွှေအား ဂျပန်နိုင်ငံမှ ဧည့်သည်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဇွန် ၂၄

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား ဂျပန်နိုင်ငံ အမျိုးသားနည်းပညာအကဲဖြတ် တက္ကသိုလ် (Japan National Institute of Technology and Evaluation) ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ အန်းဒို (Dr. Ando) နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး **(ယာပုံ)** ဂျပန်နိုင်ငံတက္ကသိုလ်နှင့် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနရှိ ပုသိမ်တက္ကသိုလ်တို့ ဇီဝနည်းပညာဆိုင်ရာ သုတေသနများပူးပေါင်းဆောင်ရွက်ရေး အပါအဝင် အဆင့်မြင့်ပညာမြှင့်တင်ရေးလုပ်ငန်း ပူးပေါင်းချိတ်ဆက်ပါဝင်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများနှင့် နှစ်နိုင်ငံပညာရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပုသိမ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာညွန့်ဖေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းဖွင့်ပွဲ မြစ်ကြီးနားမြို့နယ်၌ ကျင်းပ

နေပြည်တော် ဇွန် ၂၄

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၃ရက် နံနက် ၈နာရီတွင် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အေးမြသီတာခန်းမ၌ကျင်းပရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူး ဦးချစ်ဆွေက ကျောင်းပြင်ပမူလတန်းပညာရေးကိစ္စ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြစ်ကြီးနားမြို့ပေါ်ကျောင်းများမှ ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ စာအုပ်နှင့်စာရေးကိရိယာများကို မြစ်ကြီးနားမြို့နယ် ပညာရေးမှူး ဒေါ်မြင့်မြင့်တိုးကလည်းကောင်း၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်းများမှ ငွေကျပ်နှစ်သိန်းသုံးသောင်းကျော်တန်ဖိုးရှိ စာအုပ်နှင့်စာရေးကိရိယာများကို တာဝန်ရှိသူတစ်ဦးကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မိုးညှင်းမြို့နယ်ပညာရေးမှူး ဒေါ်ခင်ခင်နွယ်က လက်ခံသည်။

ထို့နောက် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမင်းချစ်ဦးက မိုးညှင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုင်းစံဝင်းအား မြို့နယ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌတာဝန်ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးချွန်ကျောင်းသား ကျောင်းသူများအား ကွမ်းခြံကုန်းမြို့နယ်၌ ဆုချီးမြှင့်

ရန်ကုန် ဇွန် ၂၄

၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြို့နယ်အတွင်းမှ ဂုဏ်ထူးရကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ခြင်းနှင့် ကျောင်းသုံးစာအုပ်များ လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကွမ်းခြံကုန်းမြို့နယ်ရှိ ဇာတိမာန်ခန်းမ၌ကျင်းပရာ(ဝဲပုံ) ဂုဏ်ထူးရကျောင်းသားကျောင်းသူအား ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီ ဦးလွန်းသီ၊ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးစိန်တင်ဝင်းနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။

လှူဒါန်း

ဆက်လက်၍ အမျိုးသားစာဆိုဆရာကြီး မင်းသုဝဏ်၏ ကြေးသွန်းရုပ်တုပြုလုပ်ရေးနှင့် စာကြည့်တိုက် ဆောက်လုပ်ရေး ကော်မတီအတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလွန်းသီနှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းတို့က အလှူငွေများ လှူဒါန်းကြသည်။

လက်ခံယူ

ထို့နောက် ဒေါက်တာခင်ရွှေက ကွမ်းခြံကုန်းမြို့နယ်ရှိ ကျောင်းသားကျောင်းသူ ၇၀၃၈ ဦးအတွက် ကျပ် ၅၂ သိန်းရှစ်သောင်းတန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ် ၃၅၂၀ ဒါဇင်ကို မြို့နယ်ပညာရေးမှူးအား ပေးအပ်ပြီးနောက် ဘုန်းတော်ကြီးကျောင်း ၁၄၂ ကျောင်းအတွက် ကျပ် ၇၁ သိန်းတန်ဖိုးရှိ ပစ္စည်း ၁၀ မျိုးပါ ကျောင်းသုံးဝေယျာဝစ္စပစ္စည်းများကို လှူဒါန်းရာ မြို့နယ်သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးစိန်ရွှေက လက်ခံယူသည်။ ဆက်လက်၍ ဒေါက်တာခင်ရွှေက ကွမ်းခြံကုန်းမြို့နယ်အတွင်းမှ ဆရာ ဆရာမများအတွက် တစ်ဦးလျှင် ဝတ်စုံနှစ်စုံစီ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ပုလဲသွယ်စပ်မျိုးစပါး တပ်ကုန်း၌ စံကွက်ရိတ်သိမ်း

တပ်ကုန်း ဇွန် ၂၄

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှားတောကျေးရွာအုပ်စု ကွင်းအမှတ် (၂၀၄၅)၊ ဦးပိုင် (၄၁) လယ်သမားကြီး ဦးမောင်ဝင်း၏ သိပ္ပံနည်းကျစနစ် (၁၄) ချက်နှင့်အညီ စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါး စိုက်ခင်း ၁ ဒသမ ၇၅ ဧကတွင် ဇွန် ၁၃ ရက် နံနက် ၈ နာရီက စံကွက် ရိတ်သိမ်းသည်။

လေ့လာကြည့်ရှု

အဆိုပါ စံကွက်ရိတ်သိမ်းပွဲကို စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချစ်ဆွေဦးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြင့်သိန်း၊ တိုက်နယ်တာဝန်ခံ ဦးကျော်လွင်နှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်လေ့လာကြသည်။ ထိုသို့ စံကွက်ရိတ်သိမ်းရာတွင် သိပ္ပံနည်းကျ စိုက်နည်းစနစ်(၁၄)ချက်နှင့်အညီ စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းမှ တစ်ဧကစပါး ၁၉၂ ဒသမ ၁၅ တင်း အခြောက်ထွက်ရှိကြောင်း သိရှိရသည်။

(မြို့နယ်စိုက်ပျိုးရေး)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၄-၆-၂၀၁၂

ကျောက်တော်မြို့	၉ ဒသမ ၀၆ လက်မ
ပလက်ဝမြို့	၄ ဒသမ ၇၂ လက်မ
ခန္တီးမြို့	၃ ဒသမ ၄၃ လက်မ
စစ်တွေမြို့	၃ ဒသမ ၃၉ လက်မ

ပေးအပ်လှူဒါန်း

အလုပ်သင်ဗိုလ်-ဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၁၀)မှ (၂၉) နှစ်မြောက် အလှူအထိမ်းအမှတ်အဖြစ် တစ်နေ့လုံးစာ အထူးအာဟာရ၊ အထွေထွေပဒေသာပင်နှင့် ဘိုးဘွားများ အသုံးပြုရန် စတီးခုတင်အတွက် အလှူငွေကျပ်ကိုးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)



ကိုသစ္စာ-ရေးသည်

ရုပ်ရှင်မင်းသမီး အမ်ဘာဟက် ရုပ်ရှင်ကားထုတ်လုပ်သူအဖြစ် လုပ်ကိုင်

လော့စ်အိန်ဂျလိစ် ဇွန် ၂၄

အမေရိကန်ရုပ်ရှင်မင်းသမီး အမ်ဘာဟက်ဟာ Paranoia အမည်ရှိ ရုပ်ရှင် ဇာတ်ကားကို ပူးတွဲထုတ်လုပ်သူအဖြစ် တာဝန်ယူလုပ်ကိုင်လျက်ရှိပါတယ်။ ဒီ ဇာတ်ကားမှာ သူမအနေနဲ့ ပါဝင်သရုပ်ဆောင်ထားခြင်းမရှိဘဲ ထုတ်လုပ်သူအနေနဲ့ပဲ တာဝန်ယူမှာ ဖြစ်ပါတယ်။

အသက် ၂၆နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသမီး အမ်ဘာဟက်ဟာ သူမပါဝင်သရုပ်ဆောင်မှုမရှိဘဲ ထုတ်လုပ်သူအဖြစ် လုပ်ကိုင်တာဟာ ဒီဇာတ်ကားက ပထမဆုံး ဖြစ်ပါတယ်။ ရုပ်ရှင်မင်းသမီးအပြင် မော်ဒယ်တစ်ဦးလည်းဖြစ်တဲ့ အမ်ဘာဟက်ဟာ ၂၀၁၂ ခုနှစ်ဆန်းပိုင်းကစပြီး ရုပ်ရှင်ထုတ်လုပ်တဲ့လုပ်ငန်းကို ပူးတွဲလုပ်ကိုင်ခဲ့သူဖြစ်ပါတယ်။



ရုပ်ရှင်မင်းသမီး အမ်ဘာဟက်

ပါဝင်သရုပ်ဆောင်

၂၀၁၂ ခုနှစ်ဆန်းက ရိုက်ကူးခဲ့တဲ့ Syrup အမည်ရှိတဲ့ ရုပ်ရှင်ကားမှာ သူမပါဝင်သရုပ်ဆောင်ခဲ့ပြီး ပူးတွဲထုတ်လုပ်သူအဖြစ် လုပ်ကိုင်ခဲ့ပါတယ်။ ဒီဇာတ်ကားဟာ သူမရဲ့ ပထမဆုံးပူးတွဲထုတ်လုပ်တဲ့ ရုပ်ရှင်ကားဖြစ်ပါတယ်။

လက်ရှိပါဝင်သရုပ်ဆောင်နေတဲ့ Machete Kills ဇာတ်ကားမှာ အလှမယ်ဆန်တင်တိုနီရီအဖြစ်နဲ့ သရုပ်ဆောင်ထားပါတယ်။ အလှမယ်တစ်ဦးရဲ့ ထူးခြားတဲ့အဖြစ်အပျက်တွေကို ဇာတ်လမ်းဖွဲ့ရိုက်ကူးထားတာဖြစ်ပါတယ်။ ဒီဇာတ်ကားမှာလည်း သူမဟာ ပူးတွဲထုတ်လုပ်သူအဖြစ် လုပ်ကိုင်နေပါတယ်။ ဒါကြောင့် ရုပ်ရှင်မင်းသမီး အမ်ဘာဟက်ကိုယ်တိုင် ထုတ်လုပ်မယ့်ဇာတ်ကားတွေကို ပရိသတ်တွေကြည့်ရှုရတော့မှာ ဖြစ်ပါတယ်။ ***(အင်တာနက်)***

အလိမ္မာ စာမှာရှိ

စာအုပ်စာစောင်နှင့် လှူဒါန်းပစ္စည်းပေးအပ်ပွဲ မှော်ဘီမြို့နယ် လက်ပံတန်းစုကျေးရွာ၌ ကျင်းပ

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လက်ပံတန်းစုကျေးရွာ ဘဝအားဆေး စာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်စာစောင်နှင့် လှူဒါန်းပစ္စည်းပေးအပ်ပွဲကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မှော်ဘီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာထောက်(၃)ဒေါ်လှလှထွေးက စာကြည့်တိုက်များ စံ(၅) ရပ်နှင့်ပြည့်စုံရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဟောပြောသည်။

ထို့နောက် ရန်ကုန်မြို့နေ အလှူရှင်ကိုယ်စား ဦးစိန်လွင်က သုတ၊ ရသစာအုပ်စာစောင် ၁၂၀၀၊ နယ်မြေခံတပ်ရင်းမှ ဗိုလ်ကြီးသိန်းထိုက်ကျော်၊ ဒုတိယရဲအုပ်ဝင်းကျော်တို့က စာအုပ်များနှင့် အပတ်စဉ်ထုတ် မှုခင်းဂျာနယ်များ၊ အလှူရှင် ဦးဝင်းထွန်းနိုင်နှင့် ဇနီး ဒေါ်နန္ဒာစိုးတို့က ရေဒီယိုနှင့်တိုင်ကပ်နာရီတို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးစောကဘောစေးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ တည်ဆောက်လျက်ရှိသော ဘိုးဘွားရိပ်သာအတွက် ဇွန် ၁၁ ရက်က နှစ်ဖက်သောမိဘများအား အမှူးထား၍ မအူပင်မြို့နေ ဦးမြင့်လွင်-ဒေါ်အေးမြင့်ကြည်(မန္တလေးသစ်ဆိုင်) မိသားစုက ဧည့်ခန်းမဆောင် တစ်ဆောင်အတွက် ငွေကျပ် ၅၄ သိန်းကို မအူပင်မြို့ ဘိုးဘွားရိပ်သာ တည်ဆောက်ရေးအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ (ဝဇ၈)

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးရှိ ဝန်ထမ်းမိသားစုများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၁၅ ရက်က အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်းက ဝန်ထမ်းသားသမီးများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (ဝ၂၈)

ပူတာအိုမြို့နယ်၌ ပုလဲသွယ်စပ်မျိုးစပါး သီပွံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ပွဲကျင်းပ

ပူတာအို ဇွန် ၂၄

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် တောင်ကထောင်ရပ်ကွက် မတ်ပန်ကွင်း ကွင်းအမှတ်(၄၁)၊ ဦးပိုင်အမှတ်(၁၆) စိုက်ပျိုးရေးကွင်းတွင် ပုလဲသွယ်မိုးစပါး သီပွံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ပွဲအခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက ကျင်းပရာ အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ခရိုင်၊ မြို့နယ်အဆင့် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်ကျေးရွာများမှ တောင်သူများ တက်ရောက်လေ့လာကြသည်။

အဆိုပါအခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးအောင်က ပျိုးထောင်နည်းစနစ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးစိန်မြင့်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက သရုပ်ပြကြပြီး တက်ရောက်လာသည့် တောင်သူများက လက်တွေ့စုပေါင်းပျိုးထောင် ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (စိုက်ပျိုးရေး)

တောင်သူများသို့ စိုက်ပျိုးစရိတ်ထုတ်ချေး

ကန်ကြီးထောင့် ဇွန် ၂၄

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် မိချောင်းတစ်ရာကျေးရွာတွင် ဇွန် ၁၉ ရက် နံနက်က ရွှေကန်သား ကုမ္ပဏီလီမိတက်မတည်ရင်းနှီးငွေဖြင့် ရွှေဝါဝင်းလယ်ယာကုန်ထုတ်အသင်းမှ အသင်းဝင်တောင်သူများအား ၂၀၁၂-၂၀၁၃ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က အမှာစကားပြောကြားပြီး **(အောက်ပုံ)** ရွှေကန်သားကုမ္ပဏီအဖွဲ့ဝင် ဦးရွှေအေးက ထုတ်ချေးငွေနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ရွှေဝါဝင်းလယ်ယာကုန်ထုတ်အသင်းဝင် တောင်သူ ၁၂၈ ဦးအား တစ်ကေလျှင်ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ဧက ၁၀၀ အတွက် ငွေကျပ်သိန်း ၁၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

တိရစ္ဆာန်ရောဂါများအကြောင်း ရမည်းသင်း၌ ဟောပြော

ရမည်းသင်း ဇွန် ၂၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အောင်ချမ်းသာကျေးရွာရှိ အသားတိုးမွေးမြူရေးဇုန် ဂရင်ဝင်ကုမ္ပဏီမွေးမြူရေးခြံတွင် ဆိတ်နှင့်နွားများကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက ကာကွယ်ဆေးထိုးနှံပေးခဲ့ကြသည်။

ထို့နောက် အောင်ချမ်းသာကျေးရွာတောင်သူများအား တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာသန်းထိုက်က နွား၊ ဆိတ် အိမ်မွေးတိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သောရောဂါများအကြောင်း ရှင်းလင်းပြောကြားပြီး ရမည်းသင်းမြို့နယ် သမဝါယမဦးစီးဌာနမှ တောင်သူများအား စုစည်းကာ မွေးမြူရေးသမဝါယမအသင်းဖွဲ့စည်းရေးတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မွေးမြူထားသော ဆိတ်များကို တိ/မွေးကုဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးကာ လိုအပ်သောကာကွယ်ဆေးများ ထိုးပေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၄၁၆)

မြန်မာ့အလင်း

စာတည်းထံပေးစာများ

ကျူးကျော်အဆောက်အအုံ ဖယ်ရှားပေးပါ

စာတည်းရှင့်-

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက် အောင်မြေသာစည်အိမ်ရာ တိုက်အမှတ်(၂)နှင့် တိုက်အမှတ်(၄)တို့၏ နောက်ဖေးလမ်းကြား မိလ္လာကန်ပေါ်တွင် တရားမဝင်ကျူးကျော်အဆောက်အအုံများအခိုင်အမာဆောက်လုပ်ထားပါသဖြင့် ပတ်ဝန်းကျင်တိုက်ခန်းနေအများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်နေရပါသောကြောင့် အဆိုပါအဆောက်အအုံများကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

တိုက်ခန်းနေသူများ

ကျူးကျော်ဈေးသည်များအား ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

မြောက်ဥက္ကလာပ(ခ)ရပ်ကွက် ဈေးအနီးမဈွေလမ်းပေါ်တွင် ကျူးကျော်ဈေးသည်များ လမ်းပေါ်တက်ဈေးရောင်းချမှုကြောင့် ကားများသွားလာမှု ခက်ခဲပြီး အညစ်အကြေးများစွန့်ပစ်ခဲ့ခြင်းတို့ကြောင့် လမ်းသွားများနှင့် ပတ်ဝန်းကျင်ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြပါသည်။

မဈွေလမ်းသား

အများသုံးသောက်ရေကန် သန့်ရှင်းစေချင်

စာတည်းရှင့်-

ကဝမြို့နယ် သက္ကလစံပြကျေးရွာ မြို့မသောက်ရေကန် ကန်ပေါင်လမ်းအနီးတွင် ကျူးကျော်အိမ်နှင့် အိမ်သာများဆောက်လုပ်ထားမှုကြောင့် သောက်ရေကန် သန့်ရှင်းမှုမရှိဘဲ အများပြည်သူ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ကျေးရွာသူတစ်ဦး

စာပေမြင့်မှ လူမျိုးတင့်မည်

စီးတဲ့ရေ ဆည်တဲ့ကန်သင်း

သိန်းဇော်(ရွှေလီဦး)

မြန်မာစကားပုံဆိုရိုးတစ်ခု ရှိပါသည်။ 'စီးတဲ့ရေ ဆည်တဲ့ကန်သင်း' ဟူ၍ ဖြစ်၏။ ထိုစကား၏ စကားအဓိပ္ပာယ်ဖွင့်ဆိုပါရစေ။ လယ်ယာမြေထဲတွင် ရေဘယ်လောက်ရှိရှိ ဘယ်လောက်စီးနေပါစေ တားဆီးပိတ်ဆို့ထားမှုမရှိလျှင် ရေမပြဲရေဖမ်းမထားနိုင်ကြောင်းကို ညွှန်းခြင်းဖြစ်သည်။ လယ်မြေများတွင်လည်းကောင်း၊ စိုက်ပျိုးမြေများတွင်လည်းကောင်း၊ ကန်သင်းကောင်းမှ ရေကိုလိုသလောက် ထိန်းသိမ်းနိုင်မည်၊ လိုရာလယ်ကွက်သို့ ရောက်နိုင်မည်ဖြစ်သည်။ စာရေးသူသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် အကယ်ကြီးကြို့ကုန်းကျေးရွာ အုပ်စုတွင် နေထိုင်ပြီး လယ်ယာ လုပ်ကိုင်နေသူတစ်ဦးဖြစ်ပါသည်။ စာရေးသူတို့ လယ်သမားများသည် အများအားဖြင့် ရေတော်မိုးတော်နှစ်များတွင် စပါးအထွက်ကောင်းလေ့ရှိသည်။ မိုးကောင်းသော၊ မိုးများသောနှစ်တွင် ရေကြီးပါသည်။ ထိုအခါမိုးများပါသည်။ ရေကြီးပြီး လယ်များရေနစ်၊ စပါးများပျက်စီးတတ်ပါသည်။ စပါးကိုနှစ်ခါပြန်စိုက် သုံးခါပြန်စိုက်ရ၍ အကုန်အကျများပြီး အကျိုးမရှိတော့၊ စီးပွားရေးတွက်ခြေမကိုက်တော့ပါ။ ထို့အတူ မိုးနည်းပါက ရေကြီးနစ်မြုပ်မှုဒဏ်တော့ မခံရ၊ အောင်ရေအတွက် ဒုက္ခရောက်ကြရသည်။ စက်တွင်းရေသည်လည်း လယ်ကေများစွာအတွက် မလုံလောက်သလို ချောင်း၊ မြောင်းကလည်း အများအားဖြင့် လယ်မြေနှင့်အလှမ်းဝေး၊ လက်လှမ်းမမီသည်က များပါသည်။ ထို့ကြောင့် တောင်သူလယ်သမားတိုင်း ရေတော်မိုးတော်နှစ်ကို တောင့်တကြရသည်။

စာရေးသူတို့ဒေသသည် မိုးများသည့်နှစ်တွင် ချောင်းရေ၊ တွင်းရေတိုးပါသည်။ ရေကြီးသည့်အခါ ချောင်းရေများလျှံကာ အနိမ့်ပိုင်းလယ်ကွင်းများ ရေလွှမ်းခံရပါသည်။ ထို့အတူ မနီးမဝေးရှိ ငဝန်မြစ်ရေကလည်း ရေတိုးသည်ထက်တိုးလာကာ ငဝန်တာကြီးကို ခြိမ်းခြောက်လာတော့သည်။

ယခုအခါတွင် ငဝန်မြစ်ရေကြီးမှုမှ ကာကွယ်ရေးအတွက် အမျိုးမျိုးကြိုးစားနေကြသည်ကို တွေ့ရပါသည်။ ၂၂-၅-၂၀၁၂ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ငါးသိုင်းချောင်းမြို့ ရေကြီးနစ်မြုပ် ရေဘေးမှကင်းဝေးရေး ငဝန်မြစ်ရေလွှဲဖြတ်မြောင်းတူးဖော်နိုင်ခဲ့ပြီ ဆောင်းပါးကိုဖတ်လိုက်ရသဖြင့် အလွန်ဝမ်းသာရပါသည်။ ငဝန်မြစ်ရေလွှဲ ဖြတ်မြောင်းမှာလည်း မရှိမဖြစ်လိုအပ်နေပါသည်။ သို့မှသာ ရေစီးရေလာကောင်းပါမည်။ အဘယ်ကြောင့်ဆိုသော် ငဝန်မြစ်ကြောင်းသည် ဝေ့ကာဝိုက်ကာဖြင့် (ဂ)ပုံသဏ္ဌာန် ယခုရေလွှဲဖြတ်မြောင်း စတင်ဖောက်သည့် သောင်ကြီးရွာအောက်ပိုင်းမှ တစ်ဟုန်ထိုးရေစီးဖြင့် အရှေ့ဘက်ကမ်းဖြစ်သော မအူကုန်းအုပ်စုရှိကျေးရွာများ၊ ဗောဓိကုန်းရွာနှင့် ငါးသိုင်းချောင်းမြို့ ရွှေဘိုရပ်ကွက်ထိပ် ကမ်းပါးသို့ ရေစွယ်ထိုးနေသည်။ ထို့ကြောင့် ဗောဓိကုန်းရွာအနီး တာပေါင်မှာ ပုံပါအတိုင်း ရေတိုက်စားလိုက်၊ မြေပြိုကျလိုက်ဖြစ်နေသဖြင့် ၁၉၇၄ ခုနှစ် ဝန်းကျင်ကရှိသော တာဟောင်းမှာလည်း ရေထဲသို့ပြိုကျသွားခဲ့ပြီဖြစ်သလို ပန်းတာခေါ်သော တာအသစ်များ အသစ်ဖို့ခဲ့ရသည်မှာ အကြိမ်ကြိမ်ပင်။ မြစ်ကမ်းပါး ရေလျှံချိန်နှင့် မြစ်ကမ်းပါးမှ ရေပြန်ကျသည့်အချိန်များမှာပို၍ ကမ်းပါးပြိုကျလေ့ရှိသည်။ အထူးသဖြင့် သီတင်းကျွတ်၊ တန်ဆောင်မုန်းမြစ်ရေကျချိန် ကမ်းပါးမှမြေတဝုန်းဝုန်း ရေထဲပြိုကျတတ်သဖြင့် တဖြည်းဖြည်း တာလုံးကြီးပါပွဲ၍ ပါသွားရခြင်းဖြစ်သည်။

ယခု နောက်ဆုံးဖို့ထားသည့် ရေကာတာအသစ်(ပန်းတာ)မှာ ယခင်ငဝန်မြစ်ဟောင်းရေရှိနေသော မြစ်ကျိုးပေါ်တွင် ကန့်လန့်ဖြတ်ဖို့ထားရသဖြင့် ပေ ၃၀၀ လောက်အရှည်မှာ မြေပျော့ပေါ်တွင် ရောက်နေသလို တာဧရိယာလည်း အခြားအပိုင်းတွေလောက် ထုထည်မရှိပါ။ တာအမြင့်ပေ နိမ့်နေသလို တာလုံးဧရိယာလည်း ပုံပါအတိုင်းငယ်နေပါသည်။ ***(အောက်ပုံ)*** *ထိုတာကို ဒီအတိုင်းပင်ထားပါက ယခုနှစ်သည် မိုးများ၍ရေများသောနှစ်ဖြစ်ပါကလည်းကောင်း သို့မဟုတ် စိုးရိမ်ရေမှတ် ၃၁ပေအထိ ရှိလာနိုင်ပါကလည်းကောင်း မတွေးဝံ့စရာပင်။ စာရေးသူ အနေဖြင့် ဤဗောဓိကုန်းတာ (မြစ်ကျိုးဖြတ်ပန်းတာ)နှင့် သုံးမိုင်ခန့်ပင် မဝေးသော ရွာတွင် လယ်ယာမြေလုပ်ကိုင်နေသူတစ်ဦး ဖြစ်သဖြင့် ပို၍စိုးရိမ်ပူပန်နေရပါသည်။ ထိုနေ့ဆောင်းပါးတွင်ပါသော စာသားများလို "မည်သည့်အချိန် တာပေါင်ကျိုးပြီး ငါးသိုင်းချောင်းမြို့နှင့် အနီးဝန်းကျင်လယ်မြေများ ရေကြီးနစ်မြုပ်မည်ကို ဒေသခံတို့ ရင်တထိတ်ထိတ်ဖြစ်နေခဲ့ကြသည်။ နေ့နေ့ညည စိုးရိမ်သောက ဖြစ်ခဲ့ကြရသည်" ဟူသော စာပိုဒ်လိုပင် ကျွန်တော်တို့လယ်သမားအများစု ခံစားနေရပါသည်။ သို့ပါ၍ ယခင်တာပေါင်များထက် ပို၍သေးငယ်နိမ့်ဆင်းနေသော တာသစ် (ပန်းတာ)ကို ရေမကြီးခင် စုပေါင်းဆောင်ရွက်မှု အင်အားဖြင့် အချိန်မီဆောင်ရွက်နိုင်ပါက အလွန်အကျိုးရှိမည်ဖြစ်ကြောင်း ယူဆမိပါသောကြောင့် "စီးတဲ့ရေ ဆည်တဲ့ကန်သင်း" ဖြစ်စေလိုသောဆန္ဒဖြင့် ရေးသားလိုက်ရပါသည်။ ။*

မော်လမြိုင်ကျွန်းမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

မော်လမြိုင်ကျွန်း ဇွန် ၂၄

မော်လမြိုင်ကျွန်းမြို့နယ် မော်လမြိုင်ကျွန်း-ဝါးခယ်မ တာလမ်းမဆုံမှ ရာဇူတိုင်တံတား အမှတ်(၁)အထိ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၆ ရက် ညနေ ၃ နာရီက ကျင်းပသည်။ သစ်ပင်စိုက်ပျိုးပွဲတွင် မြောင်းမြခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ မြို့နယ်သစ်တော ဦးစီးဌာနမှူး ဦးကျော်ညွန့်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြို့မရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ၊ နယ်မြေခံတပ်ရင်း မိသားစုများက ကျွန်းပင် ၂၂၀၀ နှင့် ယူကလစ်ပင် ၄၈၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးရာသီတွင် မော်လမြိုင်ကျွန်းတစ်မြို့နယ်လုံး၌ ကျွန်းပင် ၁၆၀၀၀ ၊ ယူကလစ်ပင် ၅၄၄၀၀ နှင့် ပင်လယ်ကဗွီးပင် ၄၆၀၀ စုစုပေါင်း အပင် ၇၅၀၀၀ တို့ကို အခမဲ့ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ဝဇ၅)**

ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၏ (၁၆)ဘဏ်မြောက်ဘဏ်ခွဲအဖြစ် ညောင်ဦးဘဏ်ခွဲကို ၂၂-၆-၂၀၁၂ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆတက်ထမ်းပိုး ပိုမိုတိုးတက် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

(၁) ဦးခင်မောင်မြင့်-ဒေါ်ခင်ရီ (ဆန်းမစ်စတိုး)
(၂) ဦးကြီးမောင်-ဒေါ်သန်းရီ (ရွှေဆင်မင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)
(၃) ဦးတင်ထွန်း-ဒေါ်အေးအေး (ရွှေဥသြ ယွန်းထည်လုပ်ငန်း)
(၄) ဦးအေးကိုစိန်-ဒေါ်မေသန်းထိုက် (ယာခင်းသာဟိုတယ်)
(၅) ဦးကျော်ရင် (Victory သောက်ရေသန့်)
(၆) ဦးခင်မောင်သင် (ယဉ်နု ပုံနှိပ်လုပ်ငန်း)
(၇) ဦးဆန်းထွန်းဦး (ပဲမျိုးစုံ ရောင်းဝယ်ရေး)

FOUR STARS
မြန်မာနိုင်ငံ၏ပထမဆုံး
ISO 9001:2008 အသိအမှတ်ပြုလက်မှတ်ရ
သွပ်ပြားနှင့် P.V.C ပိုက်
Since 1989

တေဇသိဒ္ဓိ ဝမ်းပျော့အကြောပြေဆေး
01-510617, 510367

စာအုပ်စာပေ
လှူမိတ်ဆွေ

မြန်မာ့အလင်း မှုခင်းသတင်း

ပါဂျဲရိုးကားနှင့် ဆိုင်ကယ်တိုက်မှု ဖြစ်ပွား

နေပြည်တော် ဇွန် ၂၄

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းပေါ်၌ ယနေ့ ညနေပိုင်းက ပါဂျဲရိုးကားနှင့် ဆိုင်ကယ်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ယနေ့ညနေ ၄ နာရီ မိနစ် ၃၀ က ပုဗ္ဗသီရိမြို့နယ် ရန်ကုန် - မန္တလေး ကားလမ်းဟောင်းဘေးရှိ အောင်သာယာရပ်ကွက်တွင် ယင်းမြို့နယ် အေးမြင့်သာယာရွာဘက်မှ ယာဉ်မောင်း ဦးညွန့်လှိုင် မောင်းနှင်လာသော ပါဂျဲရိုးအမျိုးအစား ယာဉ်အမှတ် ၂က/... နှင့် ဘောဂသီရိကားဝင်းတံတားဦးရွာဘက်မှ ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း မျိုးနိုင်(၂၃)နှစ် မောင်းနှင်ပြီး ဦးမောင်မောင်(၃၄)နှစ် အိုင်စောက်ကျေးရွာ ပုဗ္ဗသီရိမြို့နယ်နေသူတို့ စီးနင်းလာသော လှေဂျာအမျိုးအစား ၄ယ/... အနက်ရောင်ဆိုင်ကယ်တို့ တိုက်မိခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် ဆိုင်ကယ်စီးနင်းသူ မျိုးနိုင်နှင့် ဦးမောင်မောင်တို့နှစ်ဦးမှာ ဦးခေါင်း သွေးထွက်ဒဏ်ရာ၊ ဝဲမျက်ခုံးကွဲဒဏ်ရာ (မစိုးရိမ်ရ)များ ရရှိပြီး နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အရေးယူဆောင်ရွက်

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ နေပြည်တော် ယာဉ်မှုစစ်ဌာနက စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(၁၅၄)**

ကုန်သေတ္တာတင်ယာဉ် တိမ်းမှောက်မှုဖြစ်ပွား

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တိုင်း ဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေး ရပ်ကွက် ကျွန်းတောအနီး ပြည်ထောင်စု ခုံးကျော်တံတားပေါ်၌ ဇွန် ၂၃ ရက် ညပိုင်းက ကုန်ပစ္စည်းအပြည့် တင်ဆောင်လာသော တီအီးအမျိုးအစား ကုန်သေတ္တာဆွဲယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ ***(ယာပုံ)***



ဖြစ်စဉ်မှာ ဇွန် ၂၃ ရက် ည ၈ နာရီခွဲခန့်က ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ဘက်မှ သဃ်န်းကျွန်းမြို့နယ်ဘက်သို့ ယာဉ်မောင်းဇော်လင်းနောင် (၂၂)နှစ် (ဘ)ဦးဝင်းအောင်သည် ယာဉ်အမှတ် ၆က/.... တီအီးအမျိုးအစား ကုန်သေတ္တာဆွဲယာဉ်ဖြင့် ကုန်သေတ္တာအတွင်း၌ သွပ်များ၊ သံပြားအလိပ်များ အပြည့်တင်ဆောင်မောင်းနှင်လာစဉ် ၃၉(ကားကြီး) ဂိတ်အလွန် ကြီးပွားရေးရပ်ကွက် ကျွန်းတောအနီး ပြည်ထောင်စု ခုံးတံတားပေါ်သို့အတက်တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

တိမ်းမှောက်

အခင်းဖြစ်ပွားရာသို့ ကြီးပွားရေးရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ကားနှစ်စီး ရောက်ရှိလာပြီး ဦးခေါင်းဒဏ်ရာပြင်းထန်စွာရရှိထားသော ယာဉ်မောင်း ဇော်လင်းနောင်အား သဃ်န်းကျွန်း စံပြဆေးရုံကြီးသို့ တင်ပို့ပေးခဲ့ကြသည်။ အဆိုပါဖြစ်ရပ်မှာ ကုန်တင်ယာဉ်ကြိုးခိုင်မှု အားနည်းခြင်းကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကုန်သေတ္တာနှင့်အတူ နောက်တွဲယာဉ်ပါ ပြုတ်ထွက်တိမ်းမှောက်ခဲ့သည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာက စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ***(၀၂၅)***

မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် ဆံကေသာအလှပြပွဲကျင်းပ

နေပြည်တော် ဇွန် ၂၄

၂၀၁၂ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် ဆံကေသာအလှပြပွဲ အခမ်းအနားကို ဇွန် ၂၁ ရက် မွန်းလွဲ ၂ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကေရီခိုင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၏ဇနီးနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၏ဇနီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် ဆံကေသာအလှပြသကြသော သမီးပျိုကလေးများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ရှိ ရုံးချုပ်နှင့် တက္ကသိုလ်/ဒီဂရီကောလိပ်များတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	လုပ်ငန်းတည်နေရာ		လုပ်ငန်းအမည်
၁	**အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)**	၁	သုံးထပ်ရုံးအဆောက်အအုံတစ်လုံး ဆောက်လုပ်ခြင်း သံကူကွန်ကရစ် (ရေမီးအပါအဝင်)
		၂	လေးခန်းတွဲ၊ လေးထပ် ဝန်ထမ်းအိမ်ရာတစ်လုံးဆောက်လုပ်ခြင်း သံကူကွန်ကရစ်(ရေမီးအပါအဝင်)
		၃	လေးခန်းတွဲတစ်ထပ် ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ခြင်း သံကူကွန်ကရစ် (ရေမီးအပါအဝင်)
၂	**မန္တလေးတက္ကသိုလ်**	၁	ပင်မဆောင်အောက်နှင့် လျှောက်လမ်းများပြုပြင်ခြင်း
		၂	ရွှေမန်းလမ်းမြောက်ဘက်ခြမ်း၊အိမ်အမှတ်(၁)အဝင် ကတ္တရာလမ်းခင်းခြင်း
		၃	ရွှေမန်းလမ်းမြောက်ဘက်ခြမ်း၊အိမ်အမှတ်(၂)အဝင် ကတ္တရာလမ်းခင်းခြင်း
		၄	ရတနာပုံလမ်းတိုးချဲ့ပြုပြင်ခြင်း
		၅	သစ္စာလမ်းတိုးချဲ့ပြုပြင်ခြင်း
		၆	အောင်မင်္ဂလာဆောင် ဆွေးမြည့်ဝိုင်ယာလဲလှယ်ခြင်း
		၇	ရွှေပြည်အေးဆောင် ဆွေးမြည့်ဝိုင်ယာလဲလှယ်ခြင်း
		၈	ကျောင်းဆောင်ရစ်ဆောင် ဆွေးမြည့်ဝိုင်ယာလဲလှယ်ခြင်း
		၉	အကယ်ဒမီဆောင် ကြမ်းခင်းမွမ်းမံခြင်း(ရေဆင်း/ရေမြောင်း/ Plaster)
		၁၀	ရတနာပုံဆောင် မြေညီထပ်ဆားပေါက်နံရံပြုပြင်ခြင်း
		၁၁	ရွှေပြည်အေးလမ်းတိုးချဲ့ပြုပြင်ခြင်း
		၁၂	စာကြည့်တိုက်ယာဘက်ခြမ်းဆောက်လုပ်ခြင်းလုပ်ငန်း (သံကူကွန်ကရစ်၊၆ထပ်) (ရေမီးအပါအဝင်)
		၁၃	နှစ်ထပ် သိပ္ပံသုတေသနအဆောက်အအုံဆောက်လုပ်ခြင်း သံကူကွန်ကရစ် (ရေမီးအပါအဝင်)
၃	**စစ်ကိုင်းပညာရေးတက္ကသိုလ်**	၁	Chain Link ခြံစည်းရိုးကာခြင်း
		၂	နှစ်ထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း သံကူကွန်ကရစ် (ရေမီးအပါအဝင်)
၄	**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**	၁	လေးထပ် စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း သံကူကွန်ကရစ်(ရေမီးအပါအဝင်)
၅	**မြစ်ကြီးနားတက္ကသိုလ်**	၁	ခြောက်ခန်းတွဲရေလောင်းအိမ်သာနှစ်လုံး ဆောက်လုပ်ခြင်း သွပ်မိုး/အုတ်တိုင်/အုတ်ကာ
		၂	ကွန်ကရစ်လမ်းခင်းခြင်း
		၃	Chain Link ခြံစည်းရိုးကာခြင်း
		၄	သုံးထပ်စာသင်ဆောင်နှစ်လုံး ဆောက်လုပ်ခြင်း သံကူကွန်ကရစ် (ရေမီးအပါအဝင်)
၆	**မုံရွာစီးပွားရေးတက္ကသိုလ်**	၁	Chain Link ခြံစည်းရိုးကာခြင်း
		၂	လေးခန်းတွဲဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ခြင်း သံကူကွန်ကရစ် (ရေမီးအပါအဝင်)
		၃	နှစ်ထပ်စာသင်ဆောင်တစ်လုံး ဆောက်လုပ်ခြင်း သံကူကွန်ကရစ် (ရေမီးအပါအဝင်)
၇	**ပခုက္ကူတက္ကသိုလ်**	၁	Chain Link ခြံစည်းရိုးနှင့် သံပန်းတံခါး
		၂	သုံးထပ်စာသင်ဆောင်နှစ်လုံး ဆောက်လုပ်ခြင်း သံကူကွန်ကရစ် (ရေမီးအပါအဝင်)
		၃	(၁၀)ခန်းတွဲ ဝန်ထမ်းအိမ်ရာနှစ်လုံး အကြီးစားမွမ်းမံခြင်း သွပ်မိုး/အုတ်ညှပ်
၁၉-၆-၂၀၁၂ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၇တွင်ပါရှိသော ဒေါ်မေရီ၊ ၄င်း၏ရှေ့နေ ဦးဝေနွယ်ဝင်းနှင့် ဒေါ်နီနီအောင်တို့၏ ဒေါ်မြင့်မြင့်(ခ) ဒေါ်မိုးစံပယ် သိစေရန် ကြေညာချက်နှင့်ပတ်သက်၍ ဒေါ်မေရီနှင့်အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၄ရပ်ကွက်၊ အပိုင်း ၇၊ ပုဂံလမ်းမကြီး၊ အမှတ် ၇၃၆တွင် နေထိုင်သူ ဒေါ်မြင့်မြင့်(ခ)ဒေါ်မိုးစံပယ် ၈/ပခက(နိုင်)၁၉၁၅၄၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဒေါ်မေရီနှင့်အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်(ခ)ဒေါ်မိုးစံပယ်သည် ဒေါ်မေရီနှင့် ရွှေပေါက်ကံမြို့သစ်၊ (၁၀)ရပ်ကွက်တွင်ရှိမည့် မြေကွက်များနှင့်ပတ်သက်၍ မည်သည့်အချိန်ကမျှ ကြိုပွိုင့်အနေဖြင့် ငွေကြေးများရယူခဲ့ခြင်းမရှိပါ။ ဒေါ်မေရီနှင့်ဒေါ်မြင့်မြင့်(ခ)ဒေါ်မိုးစံပယ်တို့မြေကွက်ကိစ္စနှင့် စာချုပ်စာတမ်းပြုလုပ်ခဲ့သူများနှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက်အနေဖြင့်လည်းကောင်း၊ ရပ်ကွက်ရုံး၌လည်းကောင်း ရှင်းလင်းပြီးဖြစ်ပါသည်။ ဒေါ်မြင့်ကြည်နှင့် ဒေါ်မေရီတို့၏ပတ်သက်မှုသည် ဒေါ်မြင့်မြင့်(ခ)ဒေါ်မိုးစံပယ်နှင့် ပတ်သက်သက်ဆိုင်ခြင်းမရှိကြောင်းနှင့် ဒေါ်မြင့်မြင့်(ခ)ဒေါ်မိုးစံပယ်မှ ဒေါ်မေရီသို့ ငွေကြေးပေးဆပ်ရန်သော်လည်းကောင်း၊ ရှင်းလင်းဆောင်ရွက်ပေးရန်သော်လည်းကောင်း၊ တစ်စုံတစ်ရာမရှိခြင်းအပေါ် ဒေါ်မေရီ၏ညွှန်ကြားချက်အရ ၄င်း၏ရှေ့နေများကမမှန်မကန်ကြေညာခြင်းသည် ဒေါ်မြင့်မြင့်(ခ)ဒေါ်မိုးစံပယ်၏ ဂုဏ်သိက္ခာအကျိုးစီးပွားတို့ကို ထိခိုက်မှုဖြစ်စေသည့်အပြင် ၁၀-၆-၂၀၁၂ရက်က မြန်မာ့အလင်းသတင်းစာတွင် ဒေါ်မြင့်မြင့်(ခ)ဒေါ်မိုးစံပယ်က မည်သည့်ကြော်ငြာမှထည့်သွင်းခဲ့ခြင်းမရှိသဖြင့် ယခုဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ဒေါ်မေရီ၏ကြော်ငြာချက်နှင့်ပတ်သက်၍ တောင်းပန်ဖြေရှင်းရန်နှင့် ဒေါ်မေရီ၏ကြော်ငြာကိုပြန်လည်ရုပ်သိမ်းပေးရန် ဒေါ်မေရီနှင့်အများသိစေရန် ကြေညာအပ်ပါသည်။ ပြန်လည်ရုပ်သိမ်းခြင်းမရှိပါက ဒေါ်မေရီ၏ကြေညာမှုသည် ဒေါ်မြင့်မြင့်(ခ)ဒေါ်မိုးစံပယ်အား ထိခိုက်နစ်နာမှုဖြစ်စေသည့်အတွက် ဆက်လက်တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်(ခ)ဒေါ်မိုးစံပယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သီတာလဲ့လဲ့ထွန်း LL.B	**ဦးလှမြင့် LL.B**
အထက်တန်းရှေ့နေ (စဉ်-၃၂၂၆၂)	**တရားလွှတ်တော်ရှေ့နေ(၂၈၈၀)**
ဒေါ်မြသက်ဦး LL.B	**အမှတ် ၁၃၆၊ ဗိုလ်ကြာညွှန့်လမ်း၊**
အထက်တန်းရှေ့နေ (စဉ်-၃၄၃၂၀)	**၃၂ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အခြေစိုက်အလုပ်ရုံ(၁)
အခြေခံယာဉ်မောင်းသင်တန်းကျောင်း

- အခြေခံယာဉ်မောင်းသင်တန်းအပတ်စဉ် (၂၃၇) ကို ၃-၇-၂၀၁၂ရက်နှင့်
- စနေ/တနင်္ဂနွေအထူးသင်တန်းကို ၇-၇-၂၀၁၂ရက်တွင် ဖွင့်ပါမည်
- သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါသည်။
- သင်မောင်းလိုင်စင်နှင့် 'ခ' လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးသည်။
- လမ်းညွှန်-အောက်ပုဇွန်တောင်လမ်း၊ ထင်းပုံဆိပ်၊ ဗန္ဓုလတံတားအောက်၊ ခပ(၁၂)ဝင်း၊ ရွှေဧည့်သည်(၁)ဂိတ်ဆုံး။

ဖုန်း-၀၁-၂၉၁၃၅၃၊ ၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄

အမည်ပြောင်း

ဆီဆိုင်မြို့၊ မင်္ဂလာရပ်ကွက်၊ အမှတ်(၁၂၇)နေ ဦးအစိုင်းအား ယနေ့မှစ၍ ဦးစိုင်း ၁၃/ဆဆန(နိုင်) ၀၀၂၁၄၄ဟု ပြောင်းလဲခေါ်ပါရန်။

ဦးစိုင်း

အမည်ပြောင်း

ဦးအောင်ဝင်း၏သား တောင်ကြီးမြို့၊ အလက(၄)မူလွန်၊ သတ္တမတန်း(ခ)မှ မောင်ညီသီဟအား ယနေ့မှစ၍ မောင်ညီဝဏ္ဏဟု ပြောင်းလဲခေါ်ပါရန်။

မောင်ညီဝဏ္ဏ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဈ/၃၃၊ လူနေရပ်ကွက်အမှတ် ၁၀၊ သာစည်လမ်း၊ မြေကွက်အမှတ်(၂၀၇/ခ)ဟုခေါ်တွင်သော မြေအကျယ်အဝန်းပေ(၂၀×၆၀)ရှိ မြေကွက်နှင့်၄င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ရှင် ဒေါ်မစိုးနွယ် ၁၁/ပတန(နိုင်)၀၀၂၆၈၄ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အုံးအုံး(စဉ်-၂၅၁၃၅)	**ဦးမျိုးမြင့်(စဉ်-၆၈၄၈)**	**ဦးဇော်လင်း(စဉ်-၃၇၂၉၅)**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**အထက်တန်းရှေ့နေ**

ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်၊
ဖုန်း-၀၉-၄၃၀၈၀၉၁၊ ၀၉-၇၃၀၀၇၅၃၄၊ ၀၉-၄၂၅၀၁၁၇၂၅

ဦးဇော်မင်းနောင် (မန်နေဂျင်းဒါရိုက်တာ)၊ ဦးစိုးလွင်စိုး (အထွေထွေမန်နေဂျာ)
ကြည်မင်းခိုင်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ရွှေပြည်သာစက်မှုဇုန်(၄)၊စက်ဆရာဦးထွန်းလမ်း အမှတ် ၆၂ရှိ Royal Orbit Co.,Ltd. ဒါရိုက်တာအဖွဲ့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကြည်မင်းခိုင်ကုမ္ပဏီမှ ဦးဇော်မင်းနောင်၊ ဦးစိုးလွင်စိုးတို့သည် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ တောင်ဖလူးသစ်တောကြိုးဝိုင်း၊ သစ်ထုတ်စီမံကိန်းတွင် အသုံးပြုရန်အတွက် (Royal Orbit Co.,Ltd.)ထံမှ စက်ယန္တရားတစ်စီးကို စာချုပ်စာတမ်းဖြင့် ၃-၁၂-၂၀၁၁ရက်မှစ၍ငှားရမ်းသုံးစွဲခဲ့ပြီး ၄င်းစက်ငှားရမ်းခများအတွက်ပေးရန် ကျန်ငွေ ၃၁၀၀၀၀၀၀/- (ကျပ်သိန်းသုံးရာ့တစ်ဆယ်တိတိ)ကို ပေးချေရှင်းလင်းရန်နှင့် စက်ယန္တရားပြန်လည်ပေးပို့ရန် ယနေ့ထိ ပျက်ကွက်လျက်ရှိနေပါသည်။ (Royal Orbit Co.,Ltd.)၏ အကျိုးဆောင်ရှေ့နေများမှ ၂-၅-၂၀၁၂ရက်စွဲပါ အကြောင်းကြားစာပေးပို့သည်ကို လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးထားသော်လည်း ယနေ့တိုင် လူကိုယ်တိုင်လာရောက်ဖြေရှင်း ရှင်းလင်းပေးခြင်းမရှိဘဲ ပျက်ကွက်နေပါသည်။

သို့ပါ၍ ကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊(Royal Orbit Co.,Ltd.)ထံသို့ဖြစ်စေ၊ မပျက်မကွက်လာရောက်ဖြေရှင်း ရှင်းလင်းပေးပါရန် အသိပေးအပ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းမပြုဘဲ ဆက်လက်ပျက်ကွက်နေပါက ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

Royal Orbit Co., Ltd. ဒါရိုက်တာအဖွဲ့၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးသီ B.A, R.L	**ဦးတင်ဟန် LL.B**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၇၈၃၈)	**(စဉ်-၂၂၇၄၀)**

ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်

မသက်ဆိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဘူတာရုံလမ်း၊ ရန်ကင်းမြို့နယ်၊ အမှတ်(၃၀၈)နေ ဦးမောင်မောင်ဦး၏သား ကိုဟိန်းပြည့်အောင် ၁၂/ရကန(နိုင်)၀၇၃၁၁၃နှင့် (ယခင်နေရပ်လိပ်စာ)ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ဘိုးလိန်းလမ်း၊ အမှတ်(A_1-၁၀၆)နေ ဦးညွှန့်ဝေ၏သမီး မနီလာ ၉/မကန(နိုင်)၀၈၆၃၈၁တို့သည် တစ်ဦးနှင့်တစ်ဦး မည်သည့်ပတ်သက်မှုမျိုးမျှ မရှိတော့ပါ။ သက်ဆိုင်ရာရုံးများတွင်လည်း အပြီးတိုင် ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ရာ လုံးဝကင်းရှင်း၍ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကိုဟိန်းပြည့်အောင်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စိုးစိုး B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၁)
အမှတ် (၂၆၄)၊ ခွာညိုလမ်း၊
ကန်အောက်ရပ်၊ တောင်ကြီးမြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ မြေကွက်အမှတ်(ပ-၃၀၄၂၅)အမည်ပေါက်ပိုင်ရှင် ဦးမြင့်ဦး ကွယ်လွန်သွားပါသဖြင့် တရားဝင်ဇနီး ဒေါ်မြင့်မြင့်ဝင်း ၉/ပသက(နိုင်)၀၀၇၂၈၇က ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြ၍ မြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

FAME Cholecrush® For Gallstones
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

အာယုသစ်

ESSENTIAL Engineering Training Centre
City & Guilds
- Diploma in Electrical Power
- Diploma in Electronic
- Adv Diploma in Electrical Power
- Adv Diploma in Electronic
10% OFF
Engineering Skill Courses
- Adv Electrical Wiring Installation & Estimation
- Electrical Control Course
- Programmable Logic Control (PLC)
- Motor Drive (Frequency Inverter)
- Auto CAD(2D-ISO-3D)
- M&E Drafting (Only Electrical)
Engineering Services
- Electrical Wiring Installation & Estimation
- Building & Mechanical Drawings
- Industrial Electrical Control Installations
- DB Pannels & Capacitor Banks Installations
- Lightning & Earthing
- Security System For Building & Industries

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ၂၅၇၊ မြေကွက်တည်နေရာအမှတ် ၂၅၇၊ သီတာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ၁။ဦးတင်မြင့် DV-၀၀၅၃၁၄၊ ၂။ ဒေါ်နှင်းကြည် ၁၂/ဒပန(နိုင်)၀၂၄၅၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်မြင့်(လူပျိုကြီးဘ၀ဖြင့်)လည်းကောင်း၊ ကျန်ပူးတွဲအမည်ပေါက် ဒေါ်နှင်းကြည်(မိခင်)နှင့် ဦးဘသန်း(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဒေါ်တင်တင်လှ ၉/အမရ(နိုင်)၀၅၃၇၁၅ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ ၅၁၃၄/၁၂ ၃-၄-၁၂ ရရှိသူ ဦးဝင်းထွန်း DBN-၀၁၄၄၈၇က ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၉၇/ခ၊ မြေကွက်တည်နေရာအမှတ် ၉၇/ခ၊ဝေဇယန္တာလမ်း၊(၃/ခ)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးခင်မောင်ဝင်းအမည်ပေါက်နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်ဝင်းထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၃၆၉၁/၁၀(၅-၄-၁၀)ဖြင့်လွှဲအပ်ခံရသူ အထူးကိုယ်စားလှယ် ဦးတင်အောင်မိုး ၁၂/ဥကတ(နိုင်)၀၀၀၃၉၃က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်းကျမ်းကျိန်လွှာ ၅၁၆/၁၂(၂၃-၅-၁၂)ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၄၄၊ မြေကွက်တည်နေရာ အမှတ်၄၄၊ ကေတုမာလာရိပ်သာ၁လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ခင်အိအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်အိ(ခင်ပွန်း) ဦးချစ်စိန်၊ (သား)ဦးထွန်းဝင်းတို့ အသီးသီးကွယ်လွန်သဖြင့်ဦးသိန်းဝင်း၇/ပတန(နိုင်)၀၁၆၂၇၁၊ ဒေါ်နုနုအေး ၁၂/ဥကတ(နိုင်)၀၃၇၄၉၆၊ ဒေါ်မာမာအေး၁၂/ဥကတ(နိုင်)၀၃၆၉၅၅၊ ဦးညဏ်ထွန်း၁၂/ဥကတ(နိုင်)၀၃၇၇၈၆၊ မနန္ဒာကြည် ၁၂/ဥကတ(နိုင်)၁၆၆၃၇၁ တို့က သားသမီးနှင့် မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

(၅)နှစ်ပြည့်အလွမ်း

ဒေါ်သန်းကြည်

(ပခုက္ကူ-မန္တလေး)

ကွယ်လွန်သူပွဲစားကြီး (ဦးဘသင်)၏ဇနီး ကျေးဇူးရှင်မိခင်ကြီး ဒေါ်သန်းကြည် ကွယ်လွန်ခဲ့သည်မှာ ၂၀-၆-၂၀၁၂ရက်တွင် (၅)နှစ်ပြည့်ခဲ့ပြီ ဖြစ်ပါသည်။မိခင်ကြီးအားရည်စူးပြီး ၂၄-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့)တွင် ပြင်ဦးလွင်မြို့ ရွှေဟသာကျောင်းတိုက်ကြီး၌ ဘုရားအမျူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား အရှဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ သင်္ကန်း၊ ဘောဇဉ်နှင့် ဝတ္ထုအစုစုတို့အား ကပ်လှူခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ဤသို့ပြုလုပ်ရသော ဒါနကောင်းမှု ကုသိုလ်တို့အား မိခင်ကြီး ဒေါ်သန်းကြည်နှင့်(၃၁)ဘုံကျင်လည်ကုန်သောဝေနေယျသတ္တဝါအပေါင်းတို့အား အမျှပေးဝေပါ၏။

အမေရေ…ရောက်လေရာမြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ရန် အမျှပေးဝေပါသည်။

အမျှ-အမျှ-အမျှ
ကျန်ရစ်သူ သားသမီးများနှင့်မြေးများ
(ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလုတိုး

ဝမ်းနည်းကြေကွဲခြင်း

ဦးဘထွန်း

အသက် (၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီး၏ နာယက ဦးဘထွန်း အသက်(၈၅)နှစ်သည် ၂၁-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

နာယကများ၊
အမှုဆောင်အဖွဲ့နှင့် အသင်းသူအသင်းသားများ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးမင်းမြင့်ဆွေ (ငြိမ်း)ကြည်း- ၁၂၈၁၅၊ O.T.S (47) ညွှန်ကြားရေးမှူး (ငြိမ်း) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ အသက်(၆၃)နှစ်သည် ၂၀-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

O.T.S (47) ကျောင်းဆင်းအရာရှိနှင့်မိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးစိုးလွင် (ငြိမ်း)

ကြည်း-၁၆၂၆၅၊ O.T.S (၆၀)

အသက်(၅၈)နှစ်

မောင်မင်းသီဟထွန်း

အသက်(၂၂)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးစိုးလွင်(ငြိမ်း)နှင့် သား မောင်မင်းသီဟထွန်းတို့သည် ၂၀-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကျောင်းဆင်းအရာရှိများ
O.T.S(၆၀)
သူရတပ်ခွဲ

ဒေါ်လွှမ်(ထားဝယ်)

အသက်(၇၈)နှစ်

ထားဝယ်မြို့၊ညောင်ပင်ကြီးလမ်း အမှတ်၂၁နေ(လင်ကင်းကျွန်-ငင်ကင်းတိုင်)တို့၏သမီး ဦးကွမ်စီစိန်၏ဇနီး၊ မစန္ဒာအေး၊ကိုမောင်ကျော်-မနီလာဝင်း၊ ကိုကျော်ဇော-မမေမေထွေး၊ မအေးအေးလွင်၊ ကိုရဲလွင်-မသီတာအေး၊ ကိုဇော်အောင်-မအေးစုထွေး၊ မထိုက်ထိုက်ထွေးတို့၏ မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၁-၆-၂၀၁၂ရက် (ကြာသပတေးနေ့) ည ၇း၀၀နာရီတွင် SSC အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၂ရက်(တနင်္လာနေ့)တွင် ထားဝယ်မြို့ ဇဟာကွမ်တုံတရုတ်သင်္ချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

အမည်ပြောင်း

ဆီဆိုင်မြို့၊ မင်္ဂလာရပ်ကွက်၊ အမှတ်(၁၂၇)နေ မအိသဇင်ဖွေးအား ယနေ့မှစ၍ မချစ်ယွန်းစံ ၁၃/ဆဆန(နိုင်)၀၈၈၀၅၄ဟု ပြောင်းလဲခေါ်ပါရန်။ **မချစ်ယွန်းစံ**

ဖခင်အမည်မှန်

ရွှေညောင်မြို့နယ်၊ တွဲအထက အောင်သပြေ တက္ကသိုလ်ဝင်တန်း(က)မှ မခင်မြတ်နိုးဦး၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ကြည်ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဆီဆိုင်မြို့၊ မင်္ဂလာရပ်ကွက်၊ အမှတ်(၁၂၇)နေ မမေဇွန်ချစ်နှင့် မချစ်ယွန်းစံတို့၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

နမ့်စန်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(က)မှ မောင်ရွှန်းပြည့်ဝေယံနှင့် ဆဋ္ဌမတန်း(က)မှ မောင်ဖြိုးပြည့်ကြွယ်စံတို့၏ဖခင်အမည်မှန်မှာ ဦးဇော်မင်း ၈/မကန(နိုင်)၁၁၉၈၂၈ ဖြစ်ပါကြောင်း။

၂၂-၆-၂၀၁၂ ရက်တွင် ထုတ်လွှင့်ပြသခဲ့သော ရသစုံလင်အင်တာနက်ဥယျာဉ်အပိုင်း (၁၂၀)ဉာဏ်စမ်းမေးခွန်းအဖြေမှန်မှာ- **ကိုကြီးဟာ လက်ဖြောင့်တပ်သားတစ်ဦးဖြစ်ပြီး ကိုလေးကတော့ ဝန်ထမ်းဖြစ်သောကြောင့်** ဖြစ်သည်။

အဖြေမှန်သူမရှိပါ။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

၁ဃ/၅၀၆၉ HondarRAvy Sw 4×4 R.U2 ယာဉ်လက်ဝယ်ရှိသူ ဦးရဲထူးအောင် ၁၂/လမန(နိုင်)၁၁၉၄၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်မြို့

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တိုက်ကြီးမြို့နယ်ဝန်ထမ်းကွက်သစ် အမှတ် ၂၄နေ မောင်ထက်အောင်သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ငွေနှင့်ပတ်သက်သော ကိစ္စအားလုံးကို လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးသောင်းကြည်
ဒေါ်တင်လှ

ကျေးဇူးအထူးတင်ရှိခြင်း

၁၈-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ညွန့် အသက်(၈၉)နှစ် နာမကျန်းဖြစ်စဉ်က အထူးဂရုပြုကုသပေးကြသော ဝိတိုရိယဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ ဆရာဝန်ဆရာမများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မိခင်ကြီး၏ ကျန်းမာရေးအား အစဉ်ဂရုတစိုက်စောင့်ရှောက်ကုသပေးသော အထွေထွေအထူးကုသမားတော်ကြီး ပါမောက္ခဆရာဝန်ကြီး ဦးမြင့်ဟန်အားလည်းကောင်း၊ အဘက်ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီးမိသားစု၊ စစ်ဦးစီးအရာရှိချုပ်(လေ)နှင့်ဇနီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးစိုးတင့်နှင့်ဇနီးမိသားစု၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းမိသားစုများ၊ တပ်မတော်(လေ)မှ အရာရှိစစ်သည်မိသားစုများ၊ Angles Foods Trading Co., မှဝန်ထမ်းများအားလည်းကောင်း၊ ကိုယ်တိုင်လာရောက် သတင်းမေးမြန်းကြသော မိတ်ဆွေများ၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း ရပ်နီးရပ်ဝေးမှ တယ်လီဖုန်း၊ Message, e-mailများဖြင့် သတင်းမေးမြန်းအားပေးနှစ်သိမ့်ကြသော ပြည်တွင်းပြည်ပမှ မိတ်ဆွေများ၊လှူဖွယ်ပစ္စည်းများ၊လွမ်းသူ့ပန်းခြင်းများပေးပို့ကြသောမိတ်ဆွေများ၊ နာရေးသို့ပို့ဆောင်ရာတွင်လည်းကောင်း၊၂၄-၆-၂၀၁၂ရက်ရက်လည်ဆွမ်းကျွေးရာတွင်လည်းကောင်း၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ နေ့စဉ်ထုတ်သတင်းစာများ၌ ဝမ်းနည်းကြောင်းဖော်ပြ၍ အားပေးနှစ်သိမ့်ကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးအောင်ကျော်ထွန်း-ဒေါ်မေစီလှ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျဒ္ဒိလှ-ဒေါက်တာဒေါ်ခင်သိန်းစိုးတို့၏ မိခင်ကြီး ဒေါ်ခင်ညွန့် အသက်(၈၉)နှစ်သည် ၁၈-၆-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

တိုင်းဒေသကြီးမန်နေဂျာရုံး
အရာထမ်းအမှုထမ်းများ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်ညွန့်စိန် (အမရပူရ)

အသက် (၈၇)နှစ်

ဦးဝင်းဟန် (အထွေထွေမန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)-ဒေါ်ကေသီ (ဒုတိယအထွေထွေမန်နေဂျာ၊ နိုင်ငံခြားကုန်သွယ်မှုဘဏ်)၏မိခင်ကြီး ဒေါ်ညွန့်စိန် အသက်(၈၇)နှစ်သည် ၂၁-၆-၂၀၁၂ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
မန္တလေးတိုင်းဒေသကြီးမန်နေဂျာ၊ မြို့နယ်မန်နေဂျာများနှင့် ဘဏ်ခွဲဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်ညွန့်စိန် (အမရပူရ)

အသက် (၈၇)နှစ်

ဦးဝင်းဟန် (အထွေထွေမန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)-ဒေါ်ကေသီ (ဒု-အထွေထွေမန်နေဂျာ၊ နိုင်ငံခြားကုန်သွယ်မှုဘဏ်)တို့၏မိခင်ကြီး ဒေါ်ညွန့်စိန် အသက်(၈၇)နှစ်သည် ၂၁-၆-၂၀၁၂ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရှမ်းပြည်နယ်ဘဏ်ခွဲ(၁)၊ တောင်ကြီးမြို့၊
ပြည်နယ်မန်နေဂျာနှင့် ဘဏ်ခွဲဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်ညွန့်စိန် (အမရပူရ)

အသက် (၈၇)နှစ်

ဦးဝင်းဟန် (အထွေထွေမန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)-ဒေါ်ကေသီ (ဒု-အထွေထွေမန်နေဂျာ၊ နိုင်ငံခြားကုန်သွယ်မှုဘဏ်)တို့၏မိခင်ကြီး ဒေါ်ညွန့်စိန် အသက်(၈၇)နှစ်သည် ၂၁-၆-၂၀၁၂ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရှမ်းပြည်နယ်ဘဏ်ခွဲ(၂)၊ လားရှိုးမြို့၊
ပြည်နယ်မန်နေဂျာနှင့် ဘဏ်ခွဲဝန်ထမ်းများ

ဒေါ်စိန်ကြည် (မော်လမြိုင်)

အသက်(၇၆)နှစ်

(ဦးဘချစ်-ဒေါ်ခင်သန်း)တို့၏သမီး၊ (ဦးအေးကိုကို၊ လေကြောင်းအချက်ပြ၊ တပ်မတော်-လေ)၏ဇနီး၊ ဒေါ်သီဂီအေး-ဦးစောထွန်း၊ ဒေါ်ဥမ္မာအေး-(ဦးလှခိုင်)၊ ဦးလက်ျာအေး၊(ဦးနန္ဒာအေး)၊ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက်၂၇၀၊အခန်း၄နေ နော်ဇာအေး-ဖိုးနိုင်ဝင်းတို့၏မိခင်၊ ဦးလှမောင်-ဒေါ်စန်းရီ၊ (ဦးအေးမောင်-ဒေါ်ခင်သီ)၊(ဦးဖေသိန်း-ဒေါ်လှကြည်)၊ဦးငွေလွင်-ဒေါ်အုန်းကြည်တို့၏ညီမ၊ မြေးကိုးယောက်တို့၏အဘွားသည် ၂၂-၆-၂၀၁၂ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၄-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ **ကျန်ရစ်သူမိသားစု**

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့်လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသောနေရာများမှလမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့်သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးကြည်ဝင်း
ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)(စိုက်/ဘဏ်)၊ ဒုဥက္ကဋ္ဌ(ငြိမ်း)၊ ဗဟိုသ/မ
အသက်(၈၄)နှစ်

(ဦးရွှေ-ဒေါ်အေးကြည်)တို့၏သားကြီး၊ (ဦးချို-ဒေါ်မြ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၁၅၄(သုံးလွှာ၊ ခေါင်းရင်းခန်း)နေ ဒေါ်ခင်လှ၏ခင်ပွန်း၊ ဦးမြသန်း(ငြိမ်း၊ တိုင်းပညာရေးမှူး)-ဒေါ်ခင်၊ (ဗိုလ်မှူးမောင်မောင်မြင့်၊ ငြိမ်း)-ဒေါ်မြင့်မြင့်လွင်၊ ဦးသောင်းထွန်း-ဒေါ်နီတို့၏အစ်ကိုကြီး၊ ဦးချိုထွန်း(ခေတ္တ-စင်ကာပူ)-ဒေါ်ခင်မျိုးသန့်၊ (ဦးမျိုးကျော်-ဒေါ်အေးအေးထွေး)၊ ဦးသန်းဝင်းတင့်-ဒေါ်ကြည်ကြည်စိန်(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)၊ ဒေါ်နွဲ့အေးအေး၊ ဒေါ်ခင်ချိုချို(UNHCR)၊ ဦးကျော်ဝင်းထွန်း(UNDP)-ဒေါ်ရွှယ်ဂျီ(YCDC)တို့၏ဖခင်သည် ၂၄-၆-၂၀၁၂ရက်(တနင်္ဂနွေနေ့)နံနက် ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၂ရက် (အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးကြည်ဝင်း
ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)(စိုက်/ဘဏ်)၊ ဒုဥက္ကဋ္ဌ(ငြိမ်း)၊ ဗဟိုသ/မ
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၁၅၄(သုံးလွှာ၊ ခေါင်းရင်းခန်း)နေ ဒေါ်ခင်လှ၏ခင်ပွန်း၊ ဒေါက်တာစုနှင်းချို(Park Way Hospital, Singapore)၊မယုသင်းချို-ကိုကျော်ဇောလင်း၊မယမင်းချို(Poli Tech; Singapore)၊ ကိုဇေယျာဖြိုး-မမျိုးသန္တာ(Horizon Kidergarten)၊ မောင်ကျော်ထင်(3/B Uniteam)၊ မမြတ်သီရိထွန်း(Grade-VI-D၊ ဒဂုံ-၁)၊ မဝင်းရတီအောင်(Grade-II-D၊ ဒဂုံ-၁)တို့၏အဘိုး၊ ရဲရင့်ဇေယျာ၏ဘိုးဘိုးကြီးသည် ၂၄-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၂ရက် (အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မုတ်သုံလေအားကောင်းမည်

နေပြည်တော် ဇွန် ၂၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဦးကျော်စိန် (ဇလွန်)
မြန်မာ့အလင်းအယ်ဒီတာ(ငြိမ်း)၊ ကန်တော့ခံသက်ကြီးစာပေပညာရှင် ကျောက်တံတားမြို့နယ်၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၁၁/စ-၂၊ ၃၅လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်နှင့် ဇလွန်မြို့နေ(ဦးပျော့-ဒေါ်သဲ)တို့၏သား၊ (ဦးကျော်လှိုင်-ဒေါ်အေးတင့်)တို့၏သားသမက်၊ ဒေါ်ကြည်ကြည်ခိုင်၏ခင်ပွန်း၊ ဦးခင်ဦး(စာရင်းကိုင်၊ ဗိုလ်တထောင်စေတီ)-ဒေါ်ခင်မိမိလတ်(မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန)၊ (ဦးမြင့်ဦး)-ဒေါ်ဖြူဖြူဝင်း၊ (ဦးဝင်းဦး)၊ (ဦးအောင်မြင့်ဦး)-ဒေါက်တာဒေါ်သီဂီကျော်(အထက-၂၊ လသာ၊ ကျောင်းအုပ်ကြီး)တို့၏ဖခင်၊ ဗိုလ်မှူးနေလင်းထွန်း-ဒေါ်ဇာနည်မြင့်ဦး(အထက၊ ကျောက်တံတား)၊ ဗိုလ်မှူးလင်းဇော်ဦး(စစ်ရေးချုပ်ရုံး၊ နေပြည်တော်)-ဒေါ်စန်းစန်းအိခိုင်၊ မအိသူမြင့်ဦး(CB Bank H.O)၊ မမိုမိုကိုဦး၊ မဖြိုးဖြိုးမြင့်ဦး(အမက-၄၅၊လှိုင်သာယာ)၊မကေဇင်ကိုဦး၊ ကိုခန့်ဇော်လင်းတို့၏အဘိုး၊ မလမင်းသာ(အထက-၂၊ လသာ)၊ မောင်ညီဝင့်ထယ်တို့၏အဘိုးသည် ၂၃-၆-၂၀၁၂ရက်(စနေနေ့)မွန်းလွဲ ၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၅-၆-၂၀၁၂ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက-၂၊ လသာနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်ထွေး (ရွှေကျင်)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၆လမ်း၊ အမှတ် ၂၂၆/၂၃၂၊ အခန်း ၃၀၁နေ(ဦးတော်ငါး)၏ဇနီး၊ ဦးမြင့်ဝေ၊ ဒေါ်ခင်စန်းဝေ၊ဦးတင့်ဝေ၊ဒေါ်ငွေငွေဝင်း၊ ဦးအောင်ကြည်ဝေ-ဒေါ်မြမြဝင်းတို့၏မိခင်၊ ဒေါက်တာဝေဖြိုးသီ၊ မသက်ထက်စန္ဒီတို့၏အဘွားသည် ၂၃-၆-၂၀၁၂ရက်(စနေနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၂ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မြမြသန်း
အသက်(၆၁)နှစ်

နောင်ချိုမြို့၊ ဈေးရပ်ကွက်နေ (ဦးအောင်-ဒေါ်အေးသီ)တို့၏သမီး၊ ဒေါ်ညိုညိုဝင်း၊ ဗိုလ်ကြီးကျော်သန်းဦး(ငြိမ်း)-ဒေါ်ညိုညိုသင်းတို့၏မိခင်၊ မောင်ပြည့်စုံဦး၊ မောင်ရဲရင့်ဦးတို့၏အဘွား၊ ဦးမောင်ရွှေ၏ဇနီးသည် ၂၃-၆-၂၀၁၂ရက် (စနေနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၂ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် လားရှိုးမြို့ အောင်စေတနာရပ်ကွက် ဗိုလ်ကြီးကျော်သန်းဦး နေအိမ်မှ ကြာကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ
မမြင့်မြင့်မော်(ခ)မပိုင်း
အသက်(၄၇)နှစ်

လမ်းမတော်မြို့နယ်၊ ဇော်ဂျီလမ်း၊ ကီလီရဲရိပ်သာ၊ တိုက် ၅၊ အခန်း ၁နေ (ဦးသိန်းငွေ)-ဒေါ်အေးလှတို့၏သမီး၊ (ဦးအောင်စိန်)-ဒေါ်အုန်းရင်တို့၏သမီးချွေးမ၊ ဒုရဲအုပ်စိုးနိုင်(သတင်းတပ်ဖွဲ့)၏ဇနီး၊ မငြိမ်းပြည့်ပြည့်နိုင်(ပနှစ်၊ ဓာတု၊ အရှေ့ပိုင်းတက္ကသိုလ်)၊ မောင်စိုးသူရနိုင်(ပနှစ်၊ နည်းပညာတက္ကသိုလ်၊ သန်လျင်)၊ မောင်ကျော်ဘုန်းနိုင်(Grade-X၊အထက-၁၊လမ်းမတော်)တို့၏မိခင်သည် ၂၃-၆-၂၀၁၂ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးသန့်ဇင်ဦး
အသက်(၅၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ပုလဲရတနာလမ်း၊ အမှတ် ၁၂၈နေ (ဦးမျိုးလှ)-ဒေါ်မြင့်မြင့်ဝင်းတို့၏သားလတ်၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စပယ်လမ်း၊(၂)ရပ်ကွက်၊ အမှတ် ၃၁/၁၀နေ ဦးဘသွင်-ဒေါ်ခင်စန်းရီတို့၏သားသမက်၊ ဒေါ်သွင်ခိုင်ဇာမွန်၏ခင်ပွန်း၊ မောင်ဘဏ်ဖြိုးဟိန်းသွင်၏ဖခင်၊ဒေါ်ဝတီသွင်၊ ကိုမောင်မောင်သွင်၊ ကိုလှမင်းဦး-ဒေါ်နွယ်နွယ်ဝင်းတို့၏ညီမောင်၊ကိုအောင်ခိုင်-ဒေါ်ခင်မိုးအေးတို့၏အစ်ကို၊ တူ၊ တူမလေးယောက်တို့၏ဦးလေးသည် ၂၄-၆-၂၀၁၂ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၂ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မလှကေသီ
အသက်(၃၃)နှစ်
မဟာန်နီရှင်းသန့်
အသက်(၁)နှစ်နှင့်(၃)လ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ လှိုင်သီရိအိမ်ရာ၊တိုက် ၅၊ အခန်း ၅၀၁နေ ဦးအမင်း-ဒေါ်သန်းရင်တို့၏သမီးနှင့်မြေး၊ လှိုင်သာယာမြို့နယ်၊ FMI City နေ (ဦးလေးမောင်)-ဒေါ်ရှုရီတို့၏သမီးချွေးမနှင့်မြေး၊ အမေရိကန်နိုင်ငံ Daly City နေ ကိုသက်ဝင်း-မချယ်ရီဝင်းတို့၏ညီမနှင့်တူမ၊ လှိုင်သီရိအိမ်ရာနေ ကိုကျော်ကျော်ထွေး-မဝင်းသန္တာထွန်း(ခ)အငယ်လေးတို့၏အစ်မနှင့်တူမ၊ ဦးမြတ်ထိုက်-ဒေါ်မီမီဝင်း၊ ဦးဇော်ဇော်ဝင်း-ဒေါ်နန်းဖြူနှင်းလွင်၊ ဦးမင်းထွန်းဝင်း(ခ)မင်းမင်း-ဒေါ်ကြူကြူအေးတို့၏ညီမနှင့်တူမ၊ လှိုင်သာယာမြို့နယ်၊ FMI City Condo C-9 နေ ကိုဟာန်လင်းအောင်(Sky Plastic) ဇနီးနှင့်သမီးတို့သည် ၂၂-၆-၂၀၁၂ရက် (သောကြာနေ့) ည ၁၁နာရီတွင်ကွယ်လွန်သွားပါ၍ ၂၆-၆-၂၀၁၂ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၆-၂၀၁၂ရက်(ကြာသပတေးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးကျော်မင်းထွန်း
B.E (E.C), M.E (Thesis)
လက်ထောက်အထွေထွေမန်နေဂျာ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း) စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
အသက်(၃၅)နှစ်

ရန်ကုန်မြို့၊သာကေတမြို့နယ်၊ အမှတ် F 2၊ အခန်း ၅၀၈၊ ရွှင်းသာအိမ်ရာနေ ဒေါက်တာဦးကျော်ဇံလှ(ခရိုင်ဆေးရုံအုပ်ကြီး၊ ငြိမ်း၊ ပဲခူးဆေးရုံကြီး)-ဒေါ်ခင်မေသန်းတို့၏ဒုတိယသား၊ ဒေါက်တာကျော်လှိုင်ဦး(ဒု-ပါမောက္ခ၊ နည်းပညာတက္ကသိုလ်၊မကွေး)-ဒေါ်မြတ်မြတ်သင်းတို့၏ညီ၊ ဦးကျော်စိုးဝင်း (တတိယအင်ဂျင်နီယာ၊ JSM Shipping. Co., Ltd.)၊ ဒေါ်ငြိမ်းအေးဇံ (ဆေးဘက်ကျွမ်းကျင်-၂၊ ဆေးဝါးအထူးကုဆေးရုံ၊ သာကေတ)၊ဒေါက်တာကျော်ညီညီလွင်၊ မေငြိမ်းစုဇံလှ(Grade-11)တို့၏အစ်ကိုသည် Belgium နိုင်ငံ Brusse မြို့ Vrije Universiteit Brusse၌ ပညာတော်သင် သွားရောက်သင်ကြားနေစဉ် ၁၇-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင်ကွယ်လွန်သွားပါ၍ ၂၇-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်မြင့်
ပြည်တွင်းအခွန်များဦးစီးဌာန(ငြိမ်း)
အသက်(၈၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ဝင်းသော်တာလမ်း၊ အမှတ် ၁၃နေ (ဦးတိတ်စိန်၊ ပြည်တွင်းအခွန်၊ ငြိမ်း)၏ဇနီး၊ စာရေးဆရာ မောင်စူးစမ်း-ဒေါ်ခင်ချစ်တို့၏ညီမ၊ ဦးတိတ်ငွန်-ဒေါ်နှစ်၏ညီမ၊ ဒေါ်တိတ်အိမ်း၊ ဒေါ်ထားရီ၊ ဦးတိတ်ဂွမ်-ဒေါ်ခင်ဝင်း (အောင်ကျော်ဆန်းငါးပွဲရုံ)၊ ဦးမြင့်ဆွေ-ဒေါ်နီတို့၏အစ်မ၊ ဦးမြတ်ကျော်-ဒေါ်နော်မူကြူး(အထက-၄၊ အလုံ)တို့၏အဒေါ်၊ ဦးလှငွေ-ဒေါ်စုစုတိတ် (ပြည်တွင်းအခွန်)၊ ဦးတင်ကျော်သိန်း(Uniteam Marine Co., Ltd.,)-ဒေါ်ခင်ခင်တိတ်၊ ဦးသန်းအောင်-ဒေါ်နီနီတိတ်တို့၏မိခင်၊ မနဒီရတနာအောင်(အထက-၂၊ စမ်းချောင်း)၊ မောင်သန့်သီဟသွေး(အထက-၅၊ ဗိုလ်တထောင်)၊ မောင်ဖွဲ့သီဟသွေး(အထက-၅၊ ဗိုလ်တထောင်)၊ မောင်သတိုးသြဘာ(အထက-၁၊ ဒဂုံ)၊ မောင်အာဇာနည်(အထက-၁၊ ဒဂုံ)တို့၏ဘွားဘွားကြီး၊ တူ၊ တူမ ၁၀ယောက်တို့၏အဒေါ်သည် ၂၄-၆-၂၀၁၂ရက် နံနက် ၄နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၂ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ဦးမြင့်စိုး
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ပန်းတည်းတန်းလမ်း၊ အမှတ် ၆၂၃နေ (ဦးဘသန်း-ဒေါ်အေးကျင်)တို့၏သား၊ ဒေါ်တင်ရီ၏ခင်ပွန်း၊ ရဲအုပ်ကျော်မြင့်အေး (နိုင်ငံဖြတ်ကျော်မှုခင်းဌာန၊ နရခ)(နေပြည်တော်)-ဒေါ်စပယ်ထွန်း၊ ဒုရဲအုပ်ထွန်းထွန်းစိုး(သုဝဏ္ဏရဲစခန်း)-ဒေါ်ရွှေရွှေငယ်၊ ဦးသူရစိုး-ဒေါ်ယုယုမွန်၊ ဦးမျိုးဆက်ဦး-ဒေါ်ရီရီမြင့်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၄-၆-၂၀၁၂ရက် ညနေ ၆း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၂ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
ဒေါ်စန်းငွေ
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ၁၀မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊အောင်မင်္ဂလာလမ်း၊ အမှတ် ၈/၅၀နေ(ဦးမောင်ထန်-ဒေါ်ဥ)တို့၏သမီးကြီး၊ ဦးလှသောင်း၏ဇနီး၊ဒေါ်ခင်ဆွေဦး(အလက-၁၂၊အင်းစိန်)၊ ဦးဇော်မင်း (အုပ်စု-၃၊ ရာအိမ်မှူး၊ စော်ဘွားကြီးကုန်းရပ်ကွက်) - ဒေါ်ဘိုမ၊ ဒုတပ်ကြပ်ဝင်းသော်(ထပရ-၃၂၃)-ဒေါ်ဝါဝါ၊(ဒုရဲအုပ်ဇော်လင်း)-ဒေါ်တင်တင်စု၊ ရဲမှူးဇော်မိုး(ဒုတပ်ရင်းမှူး၊ ရတရ-၂၀)-ဒေါ်မြတ်လဲ့လဲ့စု၊ ဒေါ်အေးသီတာငယ်ထွေး (ဒုဦးစီးမှူး၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဌာန၊ RTTCRR)တို့၏မိခင်၊ မြေးရှစ်ယောက်၊မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၃-၆-၂၀၁၂ရက် (စနေနေ့) ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၆-၂၀၁၂ရက် (တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၆-၂၀၁၂ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အမှားပြင်ဆင်ချက်

၂၃-၆-၂၀၁၂ရက် မြန်မာ့အလင်းသတင်းစာ (နာရေးကြော်ငြာ) မောင်မျိုးဇော်ထွန်း(ခ)ကိုဇာနည်တွင် ပါရှိသော ဒုတိယရဲမှူးကြီးထွန်းမြ အစား ဒုတိယရဲမှူးထွန်းမြဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးလှထွန်း
(မြန်နှာဆန်စက်၊ နတ်တလင်းမြို့)
အသက်(၈၃)နှစ်

ပေါင်းတည်မြို့နယ်၊ မြေနီ့သာရွာနေ (ဦးဖိုးကျော့-ဒေါ်စိန်တင်)တို့၏သား၊ (ဒေါ်တင်အေး)၏ခင်ပွန်း၊ နတ်တလင်းမြို့၊ မင်းလမ်းနေ (ဦးခင်မောင်ချို)-ဒေါ်အေးအေးမြင့်၊ ဒုတိယဗိုလ်မှူးကြီးသန်းအေး(ငြိမ်း)-ဒေါက်တာဒေါ်အေးငယ်ငယ်(ဓာတ်မှန်ဆရာဝန်ကြီး၊ ရန်ကုန်ကလေးဆေးရုံကြီး)၊ ဦးထွန်းဇော်(ခ)ကိုပေါက်(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်သန်းသန်းအေးတို့၏ဖခင်၊ ဦးငြိမ်းချမ်းချို-ဒေါ်သန္တာ၊ ဦးသီဟချို-ဒေါ်သီရိအေးကြိုင်၊ ကိုဝဏ္ဏချို၊ ကိုဗိုလ်တေဇ၊ ဒေါက်တာမေမီသက်၊ မဝင့်ရီနန္ဒာ၊ ဒေါက်တာအေးငြိမ်းသဥ္ဇာ၊ မောင်အေးချမ်းမောင်(ခ)ဖိုးလပြည့်(တ-နှစ်၊ ဆေး-၁)တို့၏အဘိုး၊ မဖြိုးကြယ်စင်၊ မဟံသာချမ်းမြေ့ချိုတို့၏ဘိုးဘိုးကြီး၊ မြနန္ဒာဆန်စက်ပိုင်ရှင်ဦးလှထွန်းသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ၂၄-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၂ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် နတ်တလင်းမြို့ အနောက်ပေါက်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးစန်း
ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)
အသက်(၇၉)နှစ်

ဒေါ်သိန်းဝင်း၏ခင်ပွန်း၊ ကပ္ပတိန်ဇော်ထွန်း-ဒေါ်ခင်ကေသီစန်း (MiCasa Hotel) တို့၏ဖခင် ဦးစန်း အသက်(၇၉)နှစ်သည် ၂၃-၆-၂၀၁၂ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

PHOENIX BEAUTY CENTRE (MiCasa Hotel)

အထူးကျေးဇူးတင်ရှိခြင်း

၁၅-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားသော ဦးအေးထွန်း(ထွန်းပရိဘောဂ၊ ထားဝယ်) နာမကျန်းဖြစ်စဉ်က ကုသပေးသော ပါမောက္ခ သမားတော်ကြီးများ၊ ဆရာ ဆရာမများနှင့် ကွယ်လွန်ချိန်မှစ၍ သင်္ဂြိုဟ်ပြီးစီးသည်အထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်မိရပ်ဖများ၊ ထားဝယ်ဂေါက်ကလပ်မှအသင်းဝင်များ၊ လွမ်းသူ့ပန်းခွေများနှင့် လျှုဖွယ်ပစ္စည်းများ ပေးပို့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင် တယ်လီဖုန်းဖြင့် နှစ်သိမ့်အားပေးကြသော မိသားစုများအားလည်းကောင်း၊ ဘာသာရေးအသင်းအဖွဲ့များအားလည်းကောင်း၊ အစစအရာရာလိုလေသေးမရှိ ကူညီပေးကြပါသော ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးခင်မောင်လှိုင်(ခ) ဦးလှိုင်ခင်
မန်နေဂျာ(ငွေစုဘဏ်ရုံးချုပ်)(ငြိမ်း)
အသက်(၇၄)နှစ်

တွံတေးမြို့နေ (ဦးသက်တင်-ဒေါ်မမကြီး)တို့၏သားလတ်၊ အမှတ် ၈၅၊ အထက်ကြည့်မြင်တိုင်လမ်းနေ(ဦးကိုကိုလေး-ဒေါ်မြရင်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်လေး (လ/ထ မန်နေဂျာ၊ ငြိမ်း၊ မစဘ-၂)၏ခင်ပွန်း၊ (ကိုစိုးထွဋ်)၊ ဒေါ်ခင်မိုးဝါ(ထ-၃၊ ကြည့်မြင်တိုင်)၊ ဒေါ်ပပမြိုင်၊ ဦးဇော်မင်းလှိုင်-ဒေါ်မေရီလွင်(Misaca Hotel)၊ဒေါ်ပပဝင်း(နည်းပြ၊ ဒဂုံတက္ကသိုလ်၊ မြန်မာစာဌာန)၊ ဦးမြတ်ထွဋ်ကို၊ ဒေါ်မေနန်းထိုက်(ဒု-ကြီးမှူး၊ မစဘ၊ နေပြည်တော်)၊ ဒေါ်ချောစုလှိုင်(ငွေစုဘဏ်-၁)တို့၏ဖခင်သည် ၂၃-၆-၂၀၁၂ရက်(စနေနေ့)ညနေ ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၂ရက်(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်အုန်း (စစ်တွေ)
(မြန်မာ့လေကြောင်း၊ ငြိမ်း)
အသက်(၇၆)နှစ်

စစ်တွေမြို့၊ ရူပမြောက်ရပ်ကွက်၊ အမှတ် ၄၇၊ ငပိန်လမ်းနှင့် ရန်ကုန်မြို့၊ အမှတ် ၉၊ ၁၀၇လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးထွန်းအောင်ကျော်-ဒေါ်အောင်ကြွဇံ)တို့၏သားလတ်၊(ဦးသာကျော်-ဒေါ်ငွေသာ)တို့၏ သားသမက်၊ ဒေါ်စိန်စိန်(ပြည်တွင်းအခွန်၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါ်ချိုချိုလှ(မှုအုပ်-ကံ့ကော်)၊ ဒေါ်သင်းသင်းနွယ်၊ ဦးကျော်သန့်ဇင်(Sarawatnature Power, Shipping Co., Ltd.)-ဒေါ်စန်းရီ၊ ဦးညီညီဇင်(Dong Jing Shipping Co., Ltd.)၊ ဦးမျိုးသန့်(လက်ထောက်ကြီးကြပ်ရေးမှူး၊ မြန်မာ့လေကြောင်း)-ဒေါ်ဖြိုးဝေမာ၊ ဒေါ်အေးအေးမြတ်(တာမွေဘဏ်)တို့၏ဖခင်၊ မောင်ကောင်းမြတ်အောင်၏အဘိုးသည် ၂၃-၆-၂၀၁၂ရက် ည ၈း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

ဦးမြတ်ဆန်း
(B.S.C. Foresty 1978)
လက်ထောက်ညွှန်ကြားရေးမှူး လှိုင်ကော်ခရိုင် လှိုင်ကော်မြို့(သစ်တောဦးစီးဌာန)
အသက်(၅၉)နှစ်

(ဦးအုန်းရွှေ-ဒေါ်သန်းခင်)တို့၏သား၊ (ဦးသန်းငွေ - ဒေါ်တင်ရီ)တို့၏သားသမက်၊ ဒေါ်လှမြင့်၏ခင်ပွန်း၊ မောင်ကောင်းမြတ်ဖြိုး(S.M.Shipping Co.,)၏ဖခင်၊ ဦးချောမြင့်-ဒေါ်တင်တင်မြ၊ ဦးမောင်မောင်ဦး-ဒေါ်ခင်အေးကြူတို့၏မောင်၊ ဦးသန်းစိုး-ဒေါ်ရွှေယု(ထ-၁၊ မြင်းခြံ)၊ ဦးသန်းထွန်းအောင်-ဒေါ်ခင်နုယဉ်(ထ-၂၊ဗဟန်း)၊ ဦးတင်ဝေ(M.T.T)-ဒေါ်နီနီလေးလွင် (ဓာတုဗေဒဌာန၊ ဒဂုံတက္ကသိုလ်)တို့၏အစ်ကိုသည် ၂၄-၆-၂၀၁၂ရက်(တနင်္ဂနွေနေ့) နံနက် ၆း၄၅နာရီတွင် လှိုင်ကော်မြို့ ကန္တာရဝတီသစ်တောရိပ်သာ၌ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် လှိုင်ကော်မြို့ နာနတ်တောသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ကိုကျော်မျိုးနိုင်(ခ) ကိုကျော်မျိုး (ကြည့်မြင်တိုင်)
အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်သူရလမ်း၊ အမှတ် ၅၁နေ ဦးမြငွေ-ဒေါ်ရင်စိန်တို့၏သား၊ ဦးအောင်ငြိမ်း-ဒေါ်သောင်းတင်တို့၏သားသမက်၊ ဦးသိန်းရွှေ၊ ဒေါ်စောနွဲ့၊ ဦးကျော်တင့်တို့၏တူ၊ မဝါယမေ (မင်းကွန်းတောရကျောင်း)၊ ကိုလွင်မျိုးနိုင်(ခ)ကိုကျော်စိုး(ခေတ္တ-စင်ကာပူ)၊ ဦးမောင်လှ-ဒေါ်ခင်သီတာ၊ ကိုစည်သူ-မနွယ်နွယ်အေး၊ ကိုသီဟ-မသန္တာတို့၏အစ်ကို၊ ကိုမျိုးမင်း(ဂျပန်သံရုံး)၊ ကိုအောင်သူ-မခင်ခင်တို့၏ညီ၊ မကေခိုင်ငြိမ်း(ကြည့်မြင်တိုင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး၊ အင်/ယာဌာန၊ ရေ/သန့်)၏ခင်ပွန်း၊ မောင်ပြည့်ဖြိုးကျော်(VII-C)၊ မအိဝသုန်(I-A၊ အထက-၄၊ အလုံ)တို့၏ဖခင်သည် ၂၄-၆-၂၀၁၂ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၆-၂၀၁၂ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
R. 488

25-6 (19).pmd 1 6/25/2012, 2:18 AM

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၂ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အိုင်ဗို ဂျိုဆီပိုဗစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ခရိုအေးရှားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၂ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဇိုရမ် မီလန်နိုဗစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၂၄

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Madame Pany YHTHOTOUS နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Nguyen Sinh Hung တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ညနေ ၅ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ အမျိုးသားလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Nilahath SHYARATH နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပြန်လည်လိုက်ပါ

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်၊ ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ဦးဘရန်ရှောင်၊ လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဦးဆန်းရယ်နှင့် ဦးစောတော်ပလဲ၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးဟာရှိန်းဘွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကော်မတီအဖွဲ့ဝင် ဦးဌေးဝင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးလှသိန်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုံ

၂၀၁၂ ခုနှစ် မြန်မာအမျိုးသမီးများနေ့ (ဇူလိုင်လ ၃ ရက်)ကို ကြိုဆိုဂုဏ်ပြု သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပေး

နေပြည်တော် ဇွန် ၂၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်ကျင်းပသည့် ၂၀၁၂ ခုနှစ် မြန်မာအမျိုးသမီးများနေ့(ဇူလိုင်လ ၃ ရက်)ကို ကြိုဆိုဂုဏ်ပြုသည့် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် လယ်ဝေးမြို့ရှိ ရန်အောင်မြင်ရွှေလက်လှဘုရားပရိဝုဏ်အတွင်း၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုံ တက်ရောက်၍ အထိမ်းအမှတ်သစ်ပင် စိုက်ပျိုးပေးသည်။

တက်ရောက်

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ၏ဇနီး ဒေါ်နန်းရွှေမှုံက ၂၀၁၂ ခုနှစ် မြန်မာအမျိုးသမီးများနေ့ (ဇူလိုင်လ ၃ ရက်) ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် အထိမ်းအမှတ်သစ်ပင်ကို သတ်မှတ်နေရာတွင် စိုက်ပျိုးပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများ၊ ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက အထိမ်းအမှတ်သစ်ပင်များကို သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ၏ဇနီး ဒေါ်နန်းရွှေမှုံနှင့်အဖွဲ့ဝင်များသည် နှစ်ရှည်သီးနှံပင်များနှင့် နှစ်တို ပန်းအလှပင်များအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက စုပေါင်းစိုက်ပျိုးပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုံ ၂၀၁၂ ခုနှစ် မြန်မာအမျိုးသမီးများနေ့ (ဇူလိုင်လ ၃ ရက်)ကို ကြိုဆိုဂုဏ်ပြုသည့် သစ်ပင်စိုက်ပျိုးပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)